စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၈/၂၀၂၂**

## ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိသော နာနတ်သီးများ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေ
- ပန်းတနော်မြို့နယ်တွင် ငရုတ်ပွသီး တစ်ပိဿာလျှင် ကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိ

### နိုင်ငံတကာဈေးကွက်

- ပို့ကုန်တိုးမြှင့်တင်ပို့ရန် ထိုင်းဆန်အမျိုးအစားအသစ်များ တန်းစီထား
- ရုရှားရေနံစိမ်းတင်ပို့မှု တားဆီးပိတ်ပင်ခြင်း အီးယူဖြေလျှော့
- ဂါနာနိုင်ငံ၏ သရက်သီးတင်ပို့မှု တိုးတက်ခဲ့
- ပါကစ္စတန်နိုင်ငံ၏ ဝါဈေးကွက် အလားအလာ၊ တင်ပို့ရောင်းချမှုနှင့် ပို့ကုန်ကဏ္ဍ
- တရုတ်နိုင်ငံက စားနပ်ရိက္ခာဖူလုံမှုအတွက် ဆောင်ရွက်နေမှုများ
- ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ပို့ကုန်များတိုးမြှင့်တင်ပို့သွားမည်ဟု ဗီယက်နမ်ကုန်သွယ်မှုမြှင့်တင်ရေး ဌာနပြောကြား
- အင်ဒိုနီးရှားနိုင်ငံအစိုးရ တန်ဖိုးနည်းဟင်းချက်ဆီ Minyakita ဖြန့်ဖြူးရေးအစီအစဉ်အသစ်ကြေညာ
- ဩစတေးလျ-စင်ကာပူ ပင်လယ်ရေအောက် ဓာတ်အားလိုင်း သွယ်တန်းခြင်း ၂၀၂၄ တွင် စတင်မည်
- ချန်ဂီလေဆိပ် Terminal 4 စက်တင်ဘာ ၁၃ ရက်ပြန်လည်ဖွင့်လှစ်မည်
- ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံသူအများစုက လာအိုနိုင်ငံ ဈေးကွက်ကို ကြိုက်နှစ်သက်လျက်ရှိ
- အိန္ဒိယနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအကောင်းဆုံး ပြည်နယ် (၇) ခု
- တရုတ်နှင့် ရုရှားနိုင်ငံတို့ နှစ် ၃၀ သက်တမ်းရှိ ဓာတ်ငွေ့သဘောတူညီချက်ကိုသဘောတူ
- ယူနန် စပျစ်နီ ပြည်ပတင်ပို့ရန် ယခုနှစ်မှာ အခက်အခဲများ ရင်ဆိုင်နေရ

### ပြည်တွင်းကုန်သွယ်မှုသတင်း

- ဟိုင်းကြီးကျွန်းဒေသထွက် ငါးစည်ဖောင်းခြောက်များ ပြည်တွင်းဈေးကွက်အတွင်း အရောင်းသွက်နေ

### ပြည်ပကုန်သွယ်မှုသတင်း

- ပြည်ပဈေးကွက်ရှိလာသောကြောင့် “ဝ” ဥကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်သူများပြားလာ
- နို့နှင့် နို့ထွက်ပစ္စည်းများ၊ အသားနှင့်အသားထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် စနစ်တကျထုပ်ပိုးပြီး ပြည်ပသို့တင်ပို့မည်

### အထူးဆောင်းပါးများ

- အိန္ဒိယနိုင်ငံရှိ ပို့ကုန်လုပ်ငန်းရှင်များနှင့် နိုင်ငံခြားဝယ်လက်များကို ချိတ်ဆက်ပေးမည့် B2B ဒီဂျစ်တယ်ဈေးကွက် (သို့မဟုတ်) The Indian Business Portal

### ကုန်သွယ်မှုအခြေအနေ၊

### ကုန်စည်ဈေးနှုန်းများ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail. com

# ပြည်တွင်းဈေးကွက်

## ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိသော နာနတ်သီးများ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေ

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ရာသီပေါ်နာနတ်သီးများ ခူးဆွတ်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း ကျောင်းကုန်းမြို့နယ်ရှိ နာနတ်သီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများထံမှ သိရသည်။

ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးသည့် နာနတ်သီးများကို ဇူလိုင်လတတိယပတ်မှစတင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ နာနတ်သီးအသေး၊ အလတ်၊ အကြီး စသည်ဖြင့် အရွယ်အစားအလိုက် ငွေကျပ် ၄၀၀ မှ ၆၀၀ ထိ ဈေးရရှိကြောင်းသိရသည်။ “ကျောင်းကုန်းမှာ ဒီအချိန်က နာနတ်သီးစခူးလို့ရတဲ့အချိန်ဖြစ်ပါတယ်။ အဓိက ကတော့ ရန်ကုန်ဈေးကွက်ကိုပဲ ပို့ရတာဖြစ်ပါတယ်။ အခုလိုအချိန်မှာ ငွေလက်ငင်းရတော့ စိုက်တဲ့သူတွေ အဆင်ပြေပါတယ်။ ကျောင်းကုန်းမြို့နယ်အတွင်းမှာ နာနတ်ပင်တွေကို တောင်ပေါ်ဒေသတောင်ယာစိုက်ခင်းအဖြစ် စိုက်ပျိုးကြသလို ကြားသီးနှံအဖြစ်လည်း စိုက်ပျိုးလေ့ရှိပါတယ်။ တစ်ကြိမ်စိုက်ပျိုးထားရင် လေးနှစ်ကနေ ငါးနှစ်အထိ စီးပွားဖြစ် ရောင်းချနိုင်ပါတယ်။ အရင်းအနှီးနည်းတဲ့ရာသီပေါ်သီးနှံဖြစ်လို့ ထိုက်သင့်တဲ့အကျိုးအမြတ်ရရှိပြီး အဆင်ပြေပါတယ်” ဟု ကျောင်းကုန်းမြို့နယ်ရှိ နာနတ်သီး စိုက်ပျိုးထုတ်လုပ်ရောင်းချသူ ဒေါ်သီရိက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်အတွင်း နာနတ်ပင်များကို စီးပွားဖြစ်စိုက်ပျိုးကြသည့်အပြင် နေအိမ်ခြံဝင်းများအတွင်း၌လည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးလေ့ရှိကြောင်း၊ အဆိုပါဒေသထွက်နာနတ်သီးများကို ရန်ကုန်ဈေးကွက်အပြင် မန္တလေးနှင့် နေပြည်တော်အစရှိသည့်ဈေးကွက်များသို့လည်း တင်ပို့ရောင်းချလေ့ရှိကြောင်းသိရသည်။ “နာနတ်သီးတွေက အရင်နှစ်တွေကထက် ဒီနှစ်အထွက်နှုန်းကောင်းပါတယ်။ ဒေသထွက်နာနတ်သီးကို ဒေသဈေးကွက်မှာအပြင်ရန်ကုန်ဈေးကွက်က အမှာများနေပါတယ်။ နာနတ်သီးအထွက်နှုန်းကောင်းပြီး ဈေးကလည်း အရင်နှစ်ကထက် ကောင်းတော့အဆင်ပြေပါတယ်”ဟု ကျောင်းကုန်းမြို့နယ်မှ နာနတ်စိုက်တောင်သူ ဦးမင်းဝေက ပြောပြ၍ သိရသည်။

Source: ရတနာပုံသတင်းစာ

## ပန်းတနော်မြို့နယ်တွင် ငရုတ်ပွသီး တစ်ပိဿာလျှင် ကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိ

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် စိုက်ပျိုးထွက်ရှိသည့် ငရုတ်ပွသီးများ တစ်ပိဿာလျှင် ကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပန်းတနော်မြို့ရှိ ငရုတ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍သိရသည်။

ပန်းတနော်မြို့နယ်တွင် ဇွန်လအတွင်းက ငရုတ်ပွသီးတစ်ပိဿာလျှင် ကျပ် ၄၀၀၀ မှ ၄၅၀၀ ကျပ်ထိသာရရှိပြီး ဇူလိုင်လမှစ၍ ငရုတ်ပွသီးတစ်ပိဿာလျှင် ကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ ပန်းတနော်မြို့နယ်တွင် စိုက်ပျိုးထားသည့် ငရုတ်ပွသီးများ ဇူလိုင်လ၌ စတင်ပေါ်ထွက်နေပြီဖြစ်ကြောင်း၊ ယခုနှစ်တွင် အဆိုပါဒေသ၌ ငရုတ်ပွသီးစိုက်သူနည်းခဲ့ခြင်းနှင့် ဝယ်ယူမှုအားကောင်းနေခြင်းကြောင့် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်းသိရသည်။

“ဒေသထွက်ငရုတ်ပွသီးတွေ အထွက်နည်းလို့ ဈေးကောင်းရနေတာဖြစ်တဲ့အပြင် ဝယ်လိုအားကောင်းနေတာကြောင့်လည်း ဈေးကောင်းရနေတာဖြစ်တယ်။ ဒေသထွက် ငရုတ်ပွသီးတွေက သန့်ပြီးရောင်းပန်းလှပါတယ်။ ဒေသထွက် ငရုတ်ပွသီးတွေကို ပုသိမ်ဒေသ ဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပြီး ရန်ကုန်ကနေတစ်ဆင့် အခြားဒေသတွေကို ဖြန့်ဖြူးရောင်းချနေပါတယ်။ ဒီနှစ် ငရုတ်ပွသီးက ဈေးကောင်းရတော့ စိုက်တဲ့သူတွေဘက်ကလည်း အဆင်ပြေတာတွေ့ရပါတယ်”ဟု ပန်းတနော်မြို့ရှိ ငရုတ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးကပြောပြသည်။

ပန်းတနော်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးခြင်းလုပ်ငန်းနှင့် ငရုတ်ပွသီးစိုက်ပျိုးရေးလုပ်ငန်းကို ယှဉ်တွဲလုပ်ကိုင်ကြကြောင်း ယခုနှစ် ငရုတ်ပွသီးစိုက်ပျိုးသူ ၉၇ ဦးက ငရုတ်ပွသီး ၉၅၃ ကေခန့် စိုက်ပျိုးထားကြောင်း၊ ယခုနှစ် မိုးသီးနှံအဖြစ် စိုက်ပျိုးထားသည့် ငရုတ်များ ဈေးကောင်းရခြင်းကြောင့် မိုးငရုတ်စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

“ဒီနှစ်သွင်းအားစုစရိတ်တွေတက်လို့ ငရုတ်ကိုလျှော့စိုက်ခဲ့တာပါ။ လျှော့စိုက်တဲ့နှစ်မှ ဈေးကောင်းရနေတာဖြစ်ပါတယ်။ ငရုတ်နှစ်ကေလောက် လာမယ့်ဆောင်းမှာ ထပ်စိုက်ဖို့လျာထားပါတယ်။ ဒေသထွက် ငရုတ်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချတာဖြစ်ပါတယ်”ဟု ပန်းတနော်မြို့နယ်မှ ငရုတ်စိုက်တောင်သူဒေါ်သင်းယုကပြောပြ၍ သိရသည်။

Source: ရတနာပုံသတင်းစာ

## နိုင်ငံတကာဈေးကွက်

## ပို့ကုန်တိုးမြှင့်တင်ပို့ရန် ထိုင်းဆန်အမျိုးအစားအသစ်များ တန်းစီထား

ထိုင်းနိုင်ငံသည် ဆန်တင်ပို့မှု ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်ရန်အတွက် ၂၀၂၄ ခုနှစ်တွင် စီးပွားဖြစ် ဆန်အမျိုးအစားသစ် ၁၂ မျိုးအထိ တိုးချဲ့ထုတ်လုပ် သွားရန် စီစဉ်ထားရှိပါသည်။

စီးပွားဖြစ်ဆန်အမျိုးအစားသစ်များ ထုတ်လုပ်သူများအတွက် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပခဲ့ရာ ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး Jurin Laksanawisit က ဝန်ကြီးဌာနသည် လက်ရှိဈေးကွက်နှင့် ဈေးကွက်အသစ်နှစ်ခုလုံးအတွက် ထိုင်းဆန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရန်နှင့် ပို့ကုန်တိုးမြှင့်တင်ပို့ခြင်းကို အရှိန်မြှင့်တင် ဆောင်ရွက်ရန်အတွက် ထိန်းချုပ်ကွပ်ကဲရေးဌာနတစ်ခုကို ထူထောင်ထားရှိကြောင်းပြောကြားခဲ့ပါသည်။ စီးပွားဖြစ်ထုတ်လုပ်မည့် ဆန်အမျိုးအစားသစ် ၁၂ မျိုးမှာ ဆန်ကြမ်း ၄ မျိုး၊ ဆန်ချော ၄ မျိုး၊ ထိုင်းဆန်မွှေး ၂ မျိုးနှင့် အာဟာရမြင့် ဆန်အမျိုးအစား ၂ မျိုးဖြစ်ပြီး အဆိုပါဆန်အမျိုးအစားအသစ်များသည် ကမ္ဘာတစ်ဝှမ်းရှိ စားသုံးသူများအကြား ဝယ်လိုအား မြင့်တက် လျက်ရှိကြောင်း Mr Jurin က ပြောကြားပါသည်။ Source: ricenewstoday.com

Source: ခက်ခက်နွယ်ဖူး-Myantrade

## ရုရှားရေနံစိမ်း တင်ပို့မှု တားဆီးပိတ်ပင်ခြင်း အီးယူ ဖြေလျှော့

စွမ်းအင်လုပ်ငန်းနယ်ပယ်မှ ပလက်ဖောင်းတစ်ခုဖြစ်တဲ့ Vortex ထံမှ အချက်အလက်များအရ အီရန်၊ ရုရှားနှင့် ဗင်နီဇွဲလားတို့က အာရှသို့ ရေနံရောင်းချရန် ပြိုင်ဆိုင်နေကြပါတယ်။ Vortex ရဲ့ လေ့လာဆန်းစစ်ချက် များအရ ရုရှားရဲ့ အရေးယူဒဏ်ခတ်ပိတ်ဆို့ထားသော ရေနံစိမ်းတင်ပို့မှု ကြီးထွားလာမှုကြောင့် ပြိုင်ဆိုင်မှု ရင်ဆိုင် ရချိန်တွင် အရှေ့အလယ်ပိုင်းမှ တင်သွင်းသူအချို့သည် ဈေးနှုန်းများ လျှော့ချရန် တွန်းအားပေးခဲ့ကြပါတယ်။

Vortex က မက်ထရစ်တန်ချိန် ၈၀,၀၀၀ နှင့် ၁၂၀,၀၀၀ ကြားရှိ Aframax အရွယ်အစားရှိ ရေနံတင် သင်္ဘော ၁၁ စင်းကို ခြေရာခံ လိုက်ကြည့်ခဲ့ပါတယ်။ သင်္ဘောတည်နေရာကို ထုတ်လွှင့်ပေးနေတဲ့ AIS ထုတ်လွှင့်မှု ကိုပိတ်ထားပြီး ပင်လယ်ထဲမှာ သင်္ဘောမှ သင်္ဘောသို့ ရေနံစိမ်းများ ပြောင်းတင်ကြတာကိုသိရပါတယ်။ ဧပြီလနောက်ပိုင်းမှာ သင်္ဘောပြောင်းတင်တာ ၁၆ ကြိမ် ရှိပြီလို့ Vortex ကယူဆပါတယ်။ Vortex ရဲ့စီးပွားရေးပညာရှင် အရာရှိချုပ် David Wech က "ရေနံစိမ်း မှောင်ခိုဈေးကွက်က ယခုအခါပိုကြီးမားလာပြီ"လို့ပြောကြားပါတယ်။ စူးအက်တူးမြောင်း အရှေ့ဘက်မှာ တည်ရှိတဲ့ တရုတ်နှင့် အိန္ဒိယအပါအဝင် ဝယ်လက်နိုင်ငံများဆီသို့ ရေနံစိမ်းရောင်းချပေးနေတဲ့ မှောင်ခိုဈေးကွက်ဖြစ်ပါတယ်။ သင်္ဘောပေါ်တင်ဆောင်ထားတဲ့ ရေနံစိမ်းကို မူရင်းမူလဆိပ်ကမ်းကိုဖျောက်ဖို့ ပင်လယ်ထဲမှာ သင်္ဘောပြောင်းတင်ပေးကြတာ ဖြစ်ပါတယ်။ အရေးယူပိတ်ဆို့ ခံထားရတဲ့ အီရန်ရေနံစိမ်းများလည်း မှောင်ခိုဈေးကွက်ထဲ စီးဝင်မှု မြင့်မားနေခဲ့ရာမှ ယူကရိန်းကို ရုရှားက ကျူးကျော်ခဲ့ပြီးတဲ့ နောက်ပိုင်း လျော့ကျသွားခဲ့တယ်လို့ Vortex ရဲ့ အချက်အလက်များအရ သိရပါတယ်။

"ရုရှားရေနံစိမ်းနဲ့ရေနံထွက်ကုန်များ တရားဝင်ပို့ဆောင်ပေးတဲ့ သင်္ဘောတွေလျော့ကျသွားတာနဲ့အမျှ စူးအက်တူးမြောင်းအရှေ့ဘက်ရှိ ဆိပ်ကမ်းများသို့ ရေနံတင်ပို့ရန်အတွက် ရေနံတင်သင်္ဘောကုမ္ပဏီတွေက မှောင်ခိုနည်းလမ်းဖြင့် သယ်ယူဖို့သင်္ဘောတွေငှားရမ်းပေးကြပါတယ်"လို့ ရေနံစိမ်းလေ့လာဆန်းစစ်တဲ့ Armen Azizian က ပြောကြားပါတယ်။ ယူကရိန်းစစ်ပွဲကြောင့် ရေနံတင်သင်္ဘောစီးဆင်းမှုများ လမ်းကြောင်းပြောင်းလဲသွားစေခဲ့ပါတယ်။ ရုရှားမှရေနံစိမ်းများ ပို့ဆောင်ခြင်းအစား အမေရိကန်မှ ဥရောပသို့ပို့ဆောင်တဲ့ ရေနံတင်သင်္ဘောအရေအတွက် ပိုများလာခဲ့ပါတယ်။ ယခုအခါ မြောက်အမေရိက၊ ဘရာဇီးနှင့် ဂိုင်ယာနာ တို့မှ ရေနံစိမ်းများကို ဥရောပနိုင်ငံများသို့ ရေနံတင်သင်္ဘောများက ပို့ဆောင်ပေးနေကြပါတယ်။

ရုရှားရေနံများ အာရှသို့ရောက်ရှိရန် သွားရတဲ့ခရီးအကွာအဝေးပိုများတဲ့အတွက် ရေနံတင်သင်္ဘောများကို ရက်ပိုကြာကြာသုံးစွဲနေကြရတဲ့အပြင် ရေနံတင်သင်္ဘောများလျော့နည်းလာခြင်းတို့ကြောင့် ရေနံတင်သင်္ဘော မလုံလောက်တဲ့ပြဿနာ ဖြစ်ပါလာနိုင်ပါတယ်။ အီးယူက အရေးယူပိတ်ဆို့တဲ့ စည်းကမ်းများကို ပြောင်းလဲပေးခဲ့ပါတယ်။ ဥရောပသမဂ္ဂက ပင်လယ်ထဲ တရားမဝင်ရေနံစိမ်း သင်္ဘောပြောင်းတင်ခြင်းများပြုလုပ်ရန် လိုအပ်နေခြင်း ပပျောက်စေရန်နှင့် ပင်လယ်ထဲ ရေနံစိမ်းများ သင်္ဘောပြောင်းတင်နေခြင်းများကြောင့် မတော်တဆ ဖိတ်စင် ကျမှုများဖြစ်ပွားနိုင်တဲ့ အရေးရှိနေတာကြောင့် ပိတ်ဆို့အရေးယူမှု စည်းမျဉ်းများကို ဖြေလျှော့ကြောင်း ဥရောပသမဂ္ဂကကြေညာခဲ့ပါတယ်။ စည်းကမ်းသစ်များအရ ရုရှားပိုင်ကုမ္ပဏီများ ဖြစ်ကြတဲ့ Rosneft နှင့် Gazprom တို့အနေဖြင့် တတိယနိုင်ငံများသို့ ရေနံစိမ်းတင်ပို့ရန်ခွင့်ပြုပေးထားပါတယ်။ တားမြစ်ကန့်သတ်ထားခြင်းကို ပယ်ဖျက်ပေးထားပါတယ်။ ရုရှားပို့ကုန်ရေနံစိမ်းများကို အီးယူကုမ္ပဏီများကဝယ်ယူပြီး တတိယနိုင်ငံ

များသို့ တင်ပို့ခြင်းကိုလည်းခွင့်ပြုထားပါတယ်။ ကမ္ဘာတစ်လွှား စားနပ်ရိက္ခာနှင့်စွမ်းအင်ဖူလုံရေးအတွက် ထိခိုက်နေခြင်းကို ရှောင်လွှဲပေးရန်အတွက် ယခုလို ခွင့်ပြုပေးလိုက်ကြောင်းအီးယူကပြောကြားပါတယ်။ Source: gcaptain

Source: https://www.industrialdirectory.com.mm/article/russian-crude-oil-to-asia.html

## ဂါနာနိုင်ငံ၏ သရက်သီးတင်ပို့မှု တိုးတက်ခဲ့

၂၀၂၀ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ဂါနာနိုင်ငံ၏ သရက်သီးတင်ပို့မှုသည် (၂၈) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းသိရပါသည်။ ဂါနာပို့ကုန်မြှင့်တင်ရေးဗဟိုဌာန (Ghana Exports Promotions Center-GEPA)၏ အချက်အလက်များအရ ဂါနာနိုင်ငံ၏ ၂၀၂၀ ခုနှစ်၊ သရက်သီးတင်ပို့မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၅၀ ဒသမ ၃ သန်းနှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၆၄ ဒသမ ၆ သန်းသို့ တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ်၊ ကမ္ဘာ့သရက်သီးတင်ပို့သည့်နိုင်ငံများ စာရင်းတွင် ဂါနာနိုင်ငံအနေဖြင့် အဆင့် (၁၁) နေရာ၌ ရပ်တည်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်တွင် ယူနိုက်တက်ကင်းဒမ်း (UK) နိုင်ငံ၏ သရက်သီးတင်သွင်းမှုတန်ဖိုး အမေရိကန် ဒေါ်လာ ၂၃၀ သန်း ရှိခဲ့ရာတွင် ဂါနာနိုင်ငံသည် UK ဈေးကွက်အတွက် သရက်သီးအများဆုံးတင်ပို့သည့် နိုင်ငံဖြစ်ခဲ့ပါသည်။ ဂါနာနိုင်ငံမှ သရက်သီးကိုတင်သွင်းသည့် အခြားနိုင်ငံများမှာ ဂျာမနီနိုင်ငံ (တင်သွင်းမှု တန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ ၉ သန်း)၊ ဆွစ်ဇာလန်နိုင်ငံ (တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ သန်း)၊ ဘယ်လ်ဂျီယံနိုင်ငံ (တင်သွင်းမှုတန်ဖိုး အမေရိကန် ဒေါ်လာ ၂ ဒသမ ၇ သန်း) နှင့် ပြင်သစ်နိုင်ငံ (တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း) တို့ဖြစ်ကြပါသည်။

ယူနိုက်တက်ကင်းဒမ်း၊ ဂျာမနီ၊ ဆွစ်ဇာလန်နှင့် ဘယ်လ်ဂျီယံ စသည့် အဓိကဈေးကွက် (၄) နိုင်ငံမှ တင်သွင်းမှုသည် ဂါနာနိုင်ငံမှ သရက်သီးတင်ပို့မှုတန်ဖိုးစုစုပေါင်း၏ ၉၁ ဒသမ ၄ ရာခိုင်နှုန်းကို ကိုယ်စားပြုထားပါသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ဂါနာနိုင်ငံမှ ဂျာမနီနိုင်ငံသို့ သရက်သီးတင်ပို့မှု ၂၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ ဆွစ်ဇာလန်နိုင်ငံသို့ တင်ပို့မှုတွင် ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရပါသည်။

ကမ္ဘာ့သရက်သီးဈေးကွက်ဝယ်လိုအားမှာ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း တည်ငြိမ်စွာဖြင့် တိုးတက်နေပါသည်။ အမေရိကန်နိုင်ငံသည် တင်သွင်းမှုတန်ဖိုးအမေရိကန် ဒေါ်လာ ၈၁၈ ဒသမ ၂ သန်းဖြင့် ကမ္ဘာ့သရက်သီး အများဆုံးတင်သွင်းသူအဖြစ် ရပ်တည်ခဲ့ကြောင်း၊ အခြားထင်ရှားသော သရက်သီးတင်သွင်းသည့်နိုင်ငံများမှာ တရုတ်နိုင်ငံ (တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇၇၄ ဒသမ ၇၈ သန်း)၊ နယ်သာလန်နိုင်ငံ (တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၇၆ သန်း)၊ ဂျာမနီနိုင်ငံ (တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၃ ဒသမ ၄ သန်း)၊ ယူနိုက်တက်ကင်းဒမ်း (တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၀ ဒသမ ၁ သန်း)၊ ပြင်သစ်နိုင်ငံ (တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၈ သန်း) တို့ဖြစ်ကြကြောင်း သိရပါသည်။

အခွန်သက်သာခွင့်ပေးအပ်ထားမှုအခြေအနေများ၊ ဈေးကွက်ပျမ်းမျှတိုးတက်မှုနှုန်းနှင့် ပထဝီအနေအထား အားသာချက်များအရ ဂါနာနိုင်ငံအနေဖြင့် ဈေးကွက်အမျိုးမျိုး ကွဲပြားတင်ပို့နိုင်ရေးအတွက် ရှာဖွေထိုးဖောက်ရန် အလားအလာရှိသည့် ဈေးကွက်သစ်များမှာ ရုရှား၊ စပိန်နှင့် ဟောင်ကောင်တို့ဖြစ် ကြသည်ဟုသိရပါသည်။

ရင်းမြစ် - (https://www.freshplaza.com/, https://www.businessghana.com/ )

Source: ကျော်စိန်ဝင်း၊မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## ပါကစ္စတန်နိုင်ငံ၏ ဝါဈေးကွက် အလားအလာ၊ တင်ပို့ရောင်းချမှုနှင့် ပို့ကုန်ကဏ္ဍ

ပါကစ္စတန်နိုင်ငံသည် ကမ္ဘာ့အထည်အလိပ်လုပ်ငန်းကဏ္ဍတွင် စတုတ္ထမြောက် ဝါကုန်ကြမ်း အများဆုံးထုတ်လုပ်သည့်နိုင်ငံ အဖြစ်ရပ်တည်နေပြီး ပြည်တွင်းအထည်အလိပ်လုပ်ငန်း၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သည့်အပြင် ပြည်ပတင်ပို့နိုင်သည်အထိ ထုတ်လုပ်နိုင်သည်ကိုတွေ့ရှိရပါသည်။ ဝါသီးနှံသည် ပါကစ္စတန်တွင်အဓိက စိုက်ပျိုးသောသီးနှံဖြစ်ပြီး တောင်သူများအနေဖြင့် ငွေရလွယ်သော သီးနှံဖြစ်သည့်အတွက် စိုက်ပျိုးရန် နှစ်သက်ကြသည်ကို တွေ့ရှိရပါသည်။

ဝါကုန်ကြမ်း (Phutti) များကို အထုပ်ပုံစံ (Bale) ဖြင့် သိုလှောင်ပြီး ထုတ်လုပ်နိုင်မှုကိုလည်း အထုပ်အရေအတွက်ဖြင့် တိုင်းတာခြင်းဖြစ်သည်။ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၏ ဝါကုန်ကြမ်း ထုတ်လုပ်နိုင်မှုသည် ၈ ဒသမ ၆ million bales အထိ ရောက်ရှိခဲ့ပြီး စံချိန်တင်ခဲ့ပါသည်။

ပါကစ္စတန်နိုင်ငံ၏ ဝါကုန်ကြမ်း ပုံမှန်ပေါက်ဈေးမှာ ကီလို ၄၀ တစ်ထုပ် (၁ Maund) လျှင် ၄၅၀၀ မှ ၆၅၀၀ ရူပီးအထိ ရှိတတ်ပြီး ဆင့်ဒ်ပြည်နယ်တွင် ၁ Maund လျှင် ၁၃,၅၀၀ မှ ၁၄,၄၀၀ ရူပီး အထိ နှင့် ပန်ဂျပ်ပြည်နယ်တွင် ၁၅,၇၀၀ မှ ၁၆,၀၀၀ ရူပီးအထိ အရောင်းအဝယ်ရှိပါသည်။ (၁ Maund လျှင် ၄၀ ကီလိုဂရမ်ခန့် ရှိပြီး ၁ Bale တွင် ၄ ဒသမ ၈ Maunds ခန့် ရှိ)

ယခုအပတ် ပြည်တွင်းဈေးကွက်တွင် မိုးရာသီဖြစ်သောကြောင့် သိသိသာသာရောင်းအား မတက်သော်လည်း အရည်အသွေးကောင်းမွန်သောကြောင့် မိုးထိထားသော ဝါများကိုပါ အနည်းငယ်အရောင်းအဝယ်ရှိသည်ကို တွေ့ရှိရပါသည်။ ယခုအပတ်တွင် ဝါသီးနှံများ ထိခိုက်မှုမရှိသော်လည်း မိုးဆက်လက်ရွာသွန်းမည်ဆိုပါက သီးနှံများပျက်စီးပြီး ဈေးကွက်ထိခိုက်မည်ဟု ခန့်မှန်းထားကြပါသည်။

လက်ရှိတွင်လည်း ပါကစ္စတန်နိုင်ငံအနေဖြင့် ဘဏ္ဍာရေးအကျပ်အတည်းနှင့် အထည်အလိပ်လုပ်ငန်း စက်ရုံများ၏ စွမ်းအင်ကုန်ကျစရိတ်မြင့်တက်လာမှုတို့ကြုံတွေ့နေရပြီး ချည်မျှင်ထုတ်ကုန်များ၏ ဝယ်လိုအားနှင့်ဈေးနှုန်းများ ကျဆင်းလျက်ရှိသည်ကိုတွေ့ရှိရပါသည်။ အတိုးနှုန်းများမြင့်တက်လာသည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်တက်လာပြီး ဒေသတွင်းနိုင်ငံများနှင့်ယှဉ်ပြိုင်နိုင်ရန်ခက်ခဲလာပါသည်။ တစ်ဖက်တွင်လည်း ကမ္ဘာ့ဝါဈေးကွက်တွင် လုပ်ငန်းများနှေးကွေးလာခြင်းကြောင့် အခက်အခဲများ ပိုမိုကြုံတွေ့လာရပြီး ဈေးကွက်ပျက်ယွင်းနိုင်မည့် အနေအထားများ တွေ့မြင်လာရပါသည်။

ပါကစ္စတန်နိုင်ငံ ကုန်စည်အရောင်းအဝယ်ဈေးကွက်အတွင်း ဝယ်လိုအားဆက်လက်ကျဆင်းနေမည်ဟု ခန့်မှန်းထားပြီး Karachi Cotton Association က လက်ငင်းဈေးကွက်တွင် ဝါကုန်ကြမ်းဈေးနှုန်းကို ယခင်ထက် ၁၅၀၀ ရူပီး လျှော့ချခဲ့ပြီး ၁၄,၅၀၀ ရူပီး/၁ Maund ဖြင့် နောက်ဆုံးဈေးအပိတ် သတ်မှတ်ခဲ့ပါသည်။

ကမ္ဘာ့ဝါဈေးကွက်သည်လည်း အကျဘက်သို့ ဆက်သွားနေပြီး အမေရိကန် Future Trading က ထုတ်ပြန်သည့် ဝါဈေးနှုန်းမှာ တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၈ မှ ၀ ဒသမ ၈၂ အထိ ကျဆင်းသွားခဲ့ပါသည်။ ချည်မျှင်ထွက်အားအကောင်းဆုံးဖြစ်သော အရည်အသွေးအကောင်းဆုံး အိန္ဒိယဝါသီးနှံ Shankar-6 အမျိုးအစားတွင် ရစ်ပြီးချည်လုံး (cotton candy) တစ်လုံးလျှင် ရူပီး တစ်သိန်းအထိ ဈေးမြောက်ခဲ့သော်လည်း ယခုအပတ်တွင် ၈၅,၀၀၀ ရူပီးသို့ ပြန်လည်ကျဆင်းခဲ့ပါသည်။ အိန္ဒိယတွင် ဝါကုန်ကြမ်း တင်သွင်းမှုကို အောက်တိုဘာလအထိ တိုးမြှင့်ပေးခဲ့ပြီး ပြည်တွင်းထုတ်လုပ်မှု တိုးမြှင့်ရန်လည်း မျှော်လင့်ထားပါသည်။

တရုတ်နိုင်ငံက ဝါ တန်ချိန် ၃ သိန်းမှ ၅ သိန်းကြား ဝယ်ယူမည်ဟု ကြေညာထားသော်လည်း ဈေးကွက်အတွင်း သိသိသာသာသက်ရောက်မှုမရှိခဲ့ပါ။ အမေရိကန်စိုက်ပျိုးရေးဌာန (USDA) ၏ အပတ်စဉ် ပို့ကုန်အစီရင်ခံစာအရ ဝါထုပ် (Bale) ပေါင်း တစ်သောင်းကျော်သာ ရောင်းချခဲ့ရပြီး ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ၇၃ ရာခိုင်နှုန်း လျော့နည်းသွားသည်ကို တွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့ဝါဈေးကွက်တွင် ဝါထုပ်ပေါင်း ၁၃၉,၀၀၀ ကျော် ရောင်းချခဲ့ပြီး ဖြစ်ပါသည်။

တူရကီနိုင်ငံသည် ၇၃,၈၀၀ ထုပ်ကျော် တင်သွင်းခဲ့ပြီး ဝါကုန်ကြမ်းတင်သွင်းမှု အများဆုံး၊ ပါကစ္စတန်သည် ၃၃,၉၀၀ ထုပ်တင်သွင်းခဲ့ပြီး ဝါကုန်ကြမ်းတင်သွင်းမှု ဒုတိယအများဆုံးနှင့် အိန္ဒိယသည် ၁၃,၂၀၀ ထုပ် တင်သွင်းခဲ့ပြီး ဝါကုန်ကြမ်းတင်သွင်းမှု တတိယ အများဆုံးနိုင်ငံ ဖြစ်ပါသည်။

အထူးအခွန် ၁၀ ရာခိုင်နှုန်း ထပ်တိုးကောက်ခံမည့် အကြီးစားစက်မှုလုပ်ငန်းကြီးများတွင် အထည်အလိပ်ကဏ္ဍပါဝင်လာသည့်အတွက် ပါကစ္စတန်နိုင်ငံ၏ အသင့်ချုပ်ပြီးအထည်ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း (Prgmea) က အစိုးရ၏ အခွန်စည်းကြပ်ခြင်းအပေါ် မကျေနပ်မှုများရှိခဲ့ပြီး ပါကစ္စတန်၏ အထည်ချုပ်လုပ်ငန်းမှ တန်ဖိုးအားဖြင့် ၇ ဒသမ ၆ ဘီလီယံအထိ တင်ပို့နိုင်ခဲ့သည့်အတွက် အထည်အလိပ်ထုတ်လုပ်မှုကဏ္ဍတွင် အရေးပါပြီး ဆက်လက်ချဲ့ထွင်ရမည့် အလားအလာအကောင်းဆုံး ဈေးကွက်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များကို အလေးပေးဆွေးနွေးစေလိုကြောင်း ဖော်ပြခဲ့ပါသည်။ သွင်းကုန်များအတွက် ကုန်ပစ္စည်းထုတ်ယူပြီးမှ အခွန်ပေးဆောင်စေခြင်း (Deferred payment)၊ ပို့ကုန်လုပ်ငန်းရှင်များအတွက် အခွန်ငွေများပြန်လည်ပေးအပ်မည့် DLTL အစီအစဉ်နှင့် EU မှ ပေးအပ်သော အကောက်ခွန်သက်သာခွင့် GSP+ ဆက်လက်ရရှိရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များအပြင် ပါကစ္စတန်ပို့ကုန်ကဏ္ဍတွင် အထည်အလိပ်တင်ပို့မှုက အရေးပါသည့်အတွက် အခွန်ကိစ္စကို ပြန်လည်စဉ်းစားပေးစေလိုကြောင်းနှင့် စက်မှုလုပ်ငန်းကဏ္ဍအပေါ် ထိခိုက်မှုပိုမိုဖြစ်ပေါ်စေမည်ဟု ပြောကြားခဲ့ပါသည်။

နိုင်ငံ၏ဝင်ငွေရလမ်းကြောင်းတွင် အရေးပါသောပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းသန်းပေါင်းများစွာကိုလည်း ဖန်တီးပေးထားပြီးဖြစ်ရာ အခွန်ကင်းလွတ်ခွင့်များ ခံစားခွင့်ရှိသော်လည်း လက်ရှိတွင် ကုမ္ပဏီဝင်ငွေခွန်အပြင် အထူးအခွန်အပါအဝင် ၃၉ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ပြီး Refund Payment Order များအတွက်လည်း ပေးချေခြင်းမရှိသောကြောင့် အခက်အခဲများစွာ ကြုံတွေ့နေသည့် အခြေအနေဖြစ်ပါသည်။

အထည်အလိပ်ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ကိုင်ရာတွင် ကုန်ကျစရိတ်သက်သာစေရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်း မြင့်လာစေရန် စာရွက်စာတမ်းများစွာမလိုသည့် ပိုမို ရိုးရှင်းလွယ်ကူသော လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ပေးရန် တောင်းဆိုထားကြပြီး Duty Drawback of Taxes (DDT) စနစ်ဆောင်ရွက်မှုနှောင့်နှေးနေပြီး အခက်အခဲကြုံနေရသော အသေးစားအလတ်စားလုပ်ငန်းများကိုပါအထောက်အပံ့ကောင်းများပေးအပ်ရန်လိုအပ်နေပါသည်။ အထည်အလိပ်ထုတ်လုပ်မှုကဏ္ဍသည် ပိုမိုကြီးမားသော ဈေးကွက်ဝေစုကိုရယူရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောကဏ္ဍ တစ်ခုအဖြစ်

ဆက်လက်ရှိနေရန် အခွင့်အလမ်းကောင်းများ ရှိပြီးဖြစ်သော်လည်း လျှပ်စစ်၊ နည်းပညာ၊ ထုတ်ကုန်အမျိုးအစားနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များနှင့် စပ်လျဉ်းသည့် ပြုပြင်ပြောင်းလဲမှုများ လိုအပ်နေပါသည်။ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်တွင်ပါ နေရာရယူနိုင်ရန် ဆက်လက်ကြိုးပမ်းရမည်ဖြစ်ပါသည်။ Source: Business Recorder

Source: လွဲ့လွဲ့နှင်း (MYANTRADE)

## တရုတ်နိုင်ငံက စားနပ်ရိက္ခာဖူလုံမှုအတွက် ဆောင်ရွက်နေမှုများ

တရုတ်နိုင်ငံသည် COVID-19 ကပ်ရောဂါနှင့် ပထဝီဝင်နိုင်ငံရေးပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာဖူလုံမှုအတွက် တုံ့ပြန်ရန်ထိရောက်သောအစီအမံများကိုလုပ်ဆောင်ခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ ဗုဒ္ဓဟူးနေ့(၂၀.၇.၂၀၂၂) တွင် ပြောကြားခဲ့သည်။

ဝန်ကြီးဌာန၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းရေးဆွဲရေးဌာန အကြီးအကဲက ကပ်ရောဂါနှင့် ပထဝီဝင်နိုင်ငံရေးပဋိပက္ခများသည် ကမ္ဘာ့စိုက်ပျိုးရေးသီးနှံများထုတ်လုပ်ခြင်းနှင့် ရောင်းချပေးနိုင်မှုတို့အပေါ် သက်ရောက်လျက်ရှိရာ ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းနယ်ပယ်ကိုပါ အခက်အခဲများဖြစ်စေလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ကပ်ရောဂါနှင့် ပဋိပက္ခများကြောင့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံမှုကို သက်ရောက်မှုရှိနေသည့်အတွက် အချို့နိုင်ငံများက ကောက်ပဲသီးနှံနှင့် လယ်ယာထွက်ကုန်များတင်ပို့မှုကို ကန့်သတ်ရန် အစီအမံများချမှတ်လုပ်ဆောင်လျှက်ရှိကြောင်း ယခုနှစ်ဝက်အတွက် ပြုလုပ်သည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသစီးပွားရေးကို အလေးပေးသည့် သတင်းစာရှင်းလင်းပွဲတွင် အဆိုပါအကြီးအကဲက ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်မှ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်တွင် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေး အကျပ်အတည်းကို ဖြေရှင်းရန် အရေးတကြီး အရေးယူဆောင်ရွက်ကြရန် ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့စားနပ်ရိက္ခာအခက်အခဲဖြစ်နေမှုကို ဖြည့်ဆည်းပေးသည့်အနေဖြင့် စားနပ်ရိက္ခာဖူလုံလောက်ငှမှုရှိစေရန် စိုက်ပျိုးရေးအတွက် အရည်အသွေးကောင်းမွန်မှုမြင့်မားသည့် လယ်ယာမြေများ ဖော်ထုတ်ပြုပြင်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တီထွင်မှုဆန်းသစ်၍ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

ယခင်နှစ်က လူတစ်ဦးအတွက် ကောက်ပဲသီးနှံရရှိနိုင်မှုပမာဏမှာ ၄၈၃ ကီလိုဂရမ်ထိရှိခဲ့၍ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံလောက်ငှမှုအတွက် လူတစ်ဦး သတ်မှတ်နှုန်းထက်ပိုမိုများပြားခဲ့ပါသည်။ တရုတ်နိုင်ငံအနေနှင့် ပြည်တွင်းသတင်းအရင်းအမြစ်များကိုအခြေခံ၍ ကမ္ဘာ့လူဦးရေ၏ ငါးပုံတစ်ပုံအတွက် စားနပ်ရိက္ခာ အခက်အခဲကို ဖြေရှင်းပေးနိုင်ခဲ့ခြင်းက ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုအတွက် များစွာအထောက်အကူဖြစ်ခဲ့ကြောင်း ဆက်လက်ပြောကြားခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသည် စားနပ်ရိက္ခာအတွက် အခက်အခဲဖြစ်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကောက်ပဲသီးနှံများ တိုးမြှင့်ထုတ်လုပ်နိုင်ရန်နှင့် စားနပ်ရိက္ခာဖူလုံမှု ပိုမိုရရှိစေရန် China-FAO South- South Cooperation Programme အပါအဝင် စီမံကိန်းများဖြင့် ကူညီပံပိုးပေးလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသည် လှူဒါန်းမှုများနှင့် ကျွမ်းကျင်သူပညာရှင်များ ကူညီထောက်ပံ့ရာတွင် အများဆုံး ကူညီပံ့ပိုးပေး နေသူဖြစ်ကြောင်းလည်း ပြောကြားပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိကနိုင်ငံများဖြစ်သည့် တရုတ်နှင့် အမေရိကန်သည် ကမ္ဘာ့စားနပ်ရိက္ခာအတွက် အခြေခံအဆောက်အအုံများမှအစ စိုက်ပျိုးထုတ်လုပ်ဖြန်းဖြူးရောင်းချသည့် လုပ်ငန်းစဉ်တစ်လျှောက်နှင့် စိုက်ပျိုးရေး ထွက်ကုန်များအတွက် ဈေးကွက်များရရှိစေရန် အနာဂတ်တွင် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်သွယ်မှုများကို ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ၎င်းကဆိုပါသည်။

ယူကရိန်းနိုင်ငံတွင် စစ်မက်ပဋိပက္ခဖြစ်နေသည့်အတွက် နိုင်ငံကထွက်ရှိသည့် ပဲပုပ်ရရှိနိုင်မှု အကျပ်အတည်းဖြစ်ပေါ်နေခြင်းနှင့် နေကြာဆီတင်ပို့နိုင်မှုအခက်အခဲတို့ကြောင့် ကမ္ဘာ့ပဲပုပ်နှင့် စားသုံးဆီဈေးနှုန်းများ မြင့်တက်လာကြောင်း၊ ရလဒ်အနေဖြင့် ပြည်တွင်းဈေးနှုန်းများမြင့်တက်လာပြီး ရှန်ဒေါင်ပြည်နယ်တွင် ယခင်လက တင်သွင်းလာသည့် ပဲပုပ်ဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် ၅ ဒသမ ၅ ယွမ် မြင့်တက်ခဲ့ပြီး ၁၄ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ ပဲပုပ်ဆီဈေးနှုန်းနှင့် rapeseed oil ဈေးနှုန်းများလည်း ၃၀ ရာခိုင်နှုန်း ဈေးတက်လာကြောင်း ဈေးကွက်နှင့် သတင်းအချက်အလက်ဌာနကဆိုပါသည်။

rapeseed အထွက်နှုန်းမှာ စံချိန်တင်အမြင့်ဆုံးဖြစ်ကာ ခြောက်နှစ်အတွင်း ထုတ်လုပ်မှုပမာဏ အများဆုံးဖြစ်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ပြောင်းနှင့်ပဲပုပ်သီးနှံ စိုက်ကေပေါင်း ဟက်တာတစ်သန်းကျော်ရှိပြီး ပဲပုပ် စိုက်ပျိုးမှုတွင် များစွာတိုးလာသည်ဟုထင်မြင်ပါကြောင်း၊ နွေကောက်ပဲသီးနှံထွက်ရှိမှု တန်ချိန် ၁၄၇ ဒသမ ၄ သန်းရှိရာ ယခင်နှစ်ထွက်ရှိမှုထက် တန်ချိန် ၁ ဒသမ ၄ သန်းတိုး၍ ထွက်ရှိခဲ့ကြောင်း၊ ဂျုံထုတ်လုပ်မှုတွင် တန်ချိန် ၁၃၅ ဒသမ ၇ သန်းထွက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၁ ရာခိုင်နှုန်း ပိုထွက်ခဲ့ကြောင်း၊ စပါးစိုက်ပျိုးဧရိယာမှာ ပုံမှန်တိုးလာသည်ဟု မှန်းဆရပြီး ၆၀ ရာခိုင်နှုန်း ကျော်ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ နိုင်ငံ၏ကောက်ပဲသီးနှံနှစ်စဉ်ထွက်ရှိမှု၏ ၇၅ ရာခိုင်နှုန်းရှိသည့် ဆောင်းသီးနှံသည်လည်းအထွက်များနိုင်ကြောင်း၊

ဆောင်းသီးနှံထွက်ရှိမှု၏ သုံးပုံတစ်ပုံ ထွက်ရှိသည့် အရှေ့မြောက်ဒေသတွင် စိုက်ပျိုးဧရိယာနှင့် ထွက်ရှိမှုတိုးလာမည်ဟု မျှော်မှန်းရပြီး မိုးရေရရှိမှုပိုများလာပြီး အစိုဓါတ်ကောင်းစွာရရှိသောကြောင့် ပုံမှန်ထက် အထွက်များလာမည်ဟု မျှော်မှန်းကြောင်း၊ သို့သော် ကျေးလက်ဒေသများတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာမှုများက စိုက်ပျိုးရေးကဏ္ဍတွင် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ တောင်သူလယ်သမားများသည် ဝင်ငွေတိုးတက်ရရှိစေရန်နှင့် အလုပ်အကိုင်ရရှိမှုတိုးလာစေရန်မှာ စိုက်ပျိုးရေးကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်နှုန်းမှာ နှေးကွေးလျက်ရှိကြောင်း ဌာနဆိုင်ရာတို့မှ ပြောကြားလျက်ရှိပါသည်။

http://www.chinadaily.com.cn/a/202207/21/WS62d88d78a310fd2b29e6d7cf.html

Source: ရီရီဝင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ပို့ကုန်များတိုးမြှင့်တင်ပို့သွားမည်ဟု ဗီယက်နမ်ကုန်သွယ်မှုမြှင့်တင်ရေးဌာနပြောကြား

ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအနေဖြင့် ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ပို့ကုန်များတိုးမြှင့် တင်ပို့နိုင်မည့်အခွင့်အလမ်းများစွာရှိကြောင်း၊ ဗီယက်နမ်နိုင်ငံစက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနက ပြောကြားသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ယင်းသို့ အခွင့်အလမ်းကောင်းများရှိရခြင်း အကြောင်းမှာ အဆိုပါနိုင်ငံ(၃)နိုင်ငံသည် နယ်နိမိတ်ခြင်းနီးကပ်လျက်ရှိပြီး လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများလည်းဖြစ်ကြောင်း၊ ဗီယက်နမ်ပြည်တွင်းလုပ်ငန်းများအနေဖြင့် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့ရှိ ဖောက်သည်များ၏ ဝယ်လိုအားကိုပြည့်မီရန် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းပြည့်မီသော ထုတ်ကုန်များကို တင်ပို့ရန်နှင့် အာဏာပိုင်များထံမှ သွင်းကုန်တင်သွင်းမှုဆိုင်ရာ လက်မှတ်များကို ရယူထားရန် လိုအပ်ခြင်းတို့ကို ပို့ကုန်ပံ့ပိုးရေးဗဟိုဌာန၊ ဒုတိယညွှန်ကြားရေးမှူးက ပြောကြားသည်။ ၎င်းတို့အနေဖြင့် ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းရပ်များတွင် အဆင့်မြင့်နည်းပညာများ အသုံးချရန်နှင့် ထုတ်ကုန်များ၏ အရည်အသွေးကို စိတ်ချရန်၊ တာရှည်ခံထိန်းသိမ်းနိုင်သော နည်းပညာများကို အသုံးပြုရန် လိုအပ်လျှက်ရှိပါသည်။

ဗီယက်နမ်လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများကိုမြှင့်တင်ရန်နှင့် သင့်လျော်သော လုပ်ဖော်ကိုင်ဖက်များကိုရှာဖွေရန်၊ ကုန်စည်ပြပွဲများနှင့် ထုတ်ကုန်ပြပွဲများတွင်ပါဝင်သင့်ပြီး ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့ရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံးများနှင့်လည်း ချိတ်ဆက်သင့်ကြောင်း သို့မှသာ ဈေးကွက်နှင့်လုပ်ဖော်ကိုင်ဖက် သတင်းအချက်အလက်များကို ရယူနိုင်မည်ဖြစ်သလို အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက အဆိုပါရုံးများ၏ အကူအညီကိုရယူနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ တစ်ချိန်တည်းတွင် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအနေဖြင့် "ဗီယက်နမ်ထုတ်ကုန်များက အရည်အသွေးမြင့်မားပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဈေးနှုန်းများရှိသည်"ဟူသော အမှတ်တံဆိပ်တစ်ခုကိုတည်ဆောက်ရန်လိုကြောင်း အဆိုပါကုန်သွယ်မှုမြှင့်တင်ရေးဌာနက ပြောကြားခဲ့သည်။

ဗီယက်နမ်ထုတ်ကုန်များကို လာအိုနိုင်ငံသို့ စရိတ်စကသက်သာပြီး မြန်ဆန်စွာရောင်းချနိုင်သောအခွင့် အလမ်းကောင်းများရှိသော်လည်း လာအိုနိုင်ငံသို့ တင်ပို့ရောင်းချသောထုတ်ကုန်များတွင် လာအိုဘာသာစကားဖြင့် ကုန်အညွှန်းစာသားများ ရေးသားဖော်ပြရန်လိုသည်ကို ဗီယက်နမ်လုပ်ငန်းများအနေဖြင့် သတိပြုရမည်ဖြစ်ပြီး ကုန်ပစ္စည်းအတုအပများနှင့် တရုတ်နိုင်ငံမှ ဈေးအပေါဆုံးကုန်စည်များနှင့်လည်း ဈေးကွက်အတွင်း ယှဉ်ပြိုင်ရခြင်းများရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

မကြာသေးမီနှစ်များအတွင်း ဗီယက်နမ်၊ လာအို နှစ်နိုင်ငံကုန်သွယ်မှုဝင်ငွေမှာ တိုးတက်လာခဲ့ပြီး ကုန်သွယ်မှုတန်ဖိုးသည် ၂၀၁၇ ခုနှစ်က ၈ ရာခိုင်နှုန်းရှိရာက ၂၀၂၁ ခုနှစ်တွင် ၁၃ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရှိကြောင်း လာအိုနိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံးက ဖော်ပြခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ပထမဦးဆုံး ၅ လတာကာလအတွင်း ကုန်သွယ်မှုတန်ဖိုးမှာ ၂၁ ရာခိုင်နှုန်းတိုးတက်လာပြီး၊ အမေရိကန်ဒေါ်လာ ၇၀၀ သန်း ရှိသည့်အတွက် ၂၀၂၂ အကုန်တွင် တိုးတက်လာမည့် ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၁ ခုနှစ်က တန်ဖိုးနှင့် အတူတူဖြစ်နိုင်သလို ယင်းထက်လည်း ပိုမိုတိုးတက်နိုင်မည်ဟု ခန့်မှန်းထားသည်။

တစ်ချိန်တည်းတွင် ထိုင်းနိုင်ငံဈေးကွက်၌ စားသောက်ကုန်သည် ဝယ်လိုအားများသောကြောင့် ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်များအတွက် အလားအလာရှိသော ကုန်စည်တစ်ခုဖြစ်သည်။ ထိုင်းနိုင်ငံရှိ ဗီယက်နမ် ကုန်သွယ်ရေးရုံး၏ဌာနမှူးက ထိုင်းနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်ခုဖြစ်သည့်အတွက် ဗီယက်နမ်လယ်ယာထွက်ကုန်များသည် ထိုင်းနိုင်ငံ၏ အလားတူထုတ်ကုန်များနှင့် ဈေးကွက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ထိုင်းနိုင်ငံ၏ စားသောက်ကုန်ကဏ္ဍတွင် တင်းကြပ်သော စံချိန်စံညွှန်းသတ်မှတ်ချက်များရှိသောကြောင့် အလွယ်တကူတင်သွင်းရန်မဖြစ်နိုင်ကြောင်း၊ ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအနေဖြင့် အဆိုပါထုတ်ကုန်များနှင့်ဈေးကွက်အတွက် အထူးချမှတ်ထားသော မဟာဗျူဟာများမရှိပါက ဈေးကွက်အတွင်း ယှဉ်ပြိုင်ရန်ခက်ခဲမည်ဟု ၎င်းက ပြောကြားခဲ့သည်။

တစ်ဖက်တွင်လည်း ဗီယက်နမ်လုပ်ငန်းများသည် ဈေးကွက်အခြေအနေကို ဂရုတစိုက် လေ့လာသင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထိုင်းနိုင်ငံရှိ ဖြန့်ချိရေးလမ်းကြောင်းများတွင် မိရိုးဖလာဈေးကွက်များ၊ စတိုးဆိုင်ငယ်များ၊ စူပါမားကက်များ၊ ဟိုက်ပါမားကက်များပါဝင်ကာ ကွဲပြားခြားနားမှုရှိသည့်အတွက်ဖြစ်သည်။ ဗီယက်နမ်လုပ်ငန်းများအနေဖြင့် သကြားပါဝင်မှု၊ အဆီပါဝင်မှု နည်းပါးသော ကျန်းမာရေး စားသောက်ကုန်များကို ဦးစားပေးရန်လိုပြီး E-commerce Platform များ၌ ဈေးဝယ်တတ်သော ထိုင်းနိုင်ငံဖောက်သည်များ၏ အလေ့အထကို အထူးအလေးပေးရန်လိုကြောင်း ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် ပထမ ၅ လပတ်အတွင်း ဗီယက်နမ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့အကြား စုစုပေါင်းကုန်သွယ်မှုဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၁ ဘီလီယံရှိသည့်အတွက် ယခင်နှစ်ကထက် ၈ ရာခိုင်နှုန်းခန့် တိုးတက်လာသည်။ ထိုင်းနိုင်ငံသည် ယခုအခါ အာဆီယံဒေသတွင်း၌ ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်လာပြီး ၎င်းတို့နှစ်နိုင်ငံလုံးက ၂၀၂၅ ခုနှစ်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံရောက်ရှိအောင် ရည်ရွယ်လုပ်ဆောင်လျက်ရှိကြသည်။ ဗီယက်နမ်နိုင်ငံသည် ထိုင်းနိုင်ငံသို့ တယ်လီဖုန်းနှင့် အီလက်ထရောနစ်အစိတ်အပိုင်းများ၊ စက်ကိရိယာပစ္စည်းများ၊ အပိုပစ္စည်းများ၊ အထည်အလိပ်နှင့် ပင်လယ်စာများကို တင်ပို့လျက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံသည်လည်း ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအတွက် အလားအလာရှိသော ဈေးကွက်တစ်ခုဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။ နှစ်နိုင်ငံစလုံးက ကုန်သွယ်ရေးဆိုင်ရာလုပ်ဆောင်ချက်များအတွက် အခွင့်အလမ်းသာသော အခြေအနေများကို ဖန်တီးပေးနိုင်သည့် ပွင့်လင်းသောမူဝါဒများကိုချမှတ်ဆောင်ရွက်ထား ပြီးဖြစ်ကြောင်း၊ သို့သော် ပြည်တွင်းလုပ်ငန်းများအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန်ဈေးကွက်နှင့် ဈေးကွက်ဝေစုများတိုးလာမည့်အခြေအနေကို ဂရုတစိုက်လေ့လာရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။

ဗီယက်နမ်လုပ်ငန်းအများစုသည် ကမ္ဘောဒီးယားနိုင်ငံသို့ ပို့ကုန်များတင်ပို့ရောင်းချရာတွင် ဗီယက်နမ်နိုင်ငံ နယ်စပ်ဝင်ပေါက်များ၌ အကောက်ခွန်ရှင်းလင်းရာတွင်အခက်အခဲများစွာရင်ဆိုင်ရသည်ဟု စိုက်ပျိုးရေးကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်ဖြစ်သူကပြောကြားခဲ့ပါသည်။ အဓိကထင်ရှားသော အတားအဆီးများမှာ လုပ်ထုံးလုပ်နည်းများ မကြာခဏပြောင်းလဲခြင်းနှင့် အကောက်ခွန်ရှင်းလင်းမှုလုပ်ငန်းများကို နေ့လည် ၁ နာရီမှ ၄ နာရီ အတွင်းသာ ဆောင်ရွက်ပေးနေသည့်ကိစ္စဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အစိုးရစီမံခန့်ခွဲရေးဌာနများအနေဖြင့် အဆိုပါဈေးကွက်သို့ ကုန်စည်များချောမွေ့စွာတင်ပို့ ရောင်းချနိုင်ရန် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများကို လုံလောက်သော သတင်းအချက်အလက်များ အချိန်နှင့်တပြေးညီ ပံ့ပိုးပေးရန်လိုကြောင်းနှင့် အလုပ်ချိန်ကို နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲသတ်မှတ်ပေးသင့်ကြောင်း ၎င်းကပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ ပို့ကုန်တင်ပို့မှုဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံသို့ရောက်ရှိခဲ့ပြီး ၂၀၂၀ ခုနှစ်ကထက် ၁၅ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်လာကြောင်းတွေ့ရသည်။ ၂၀၂၂ ခုနှစ် ပထမ ၅ လပတ်အတွင်း ကမ္ဘောဒီးယားပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံရှိသည့်အတွက် လွန်ခဲ့သောနှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ၃၁ ဒသမ ၂ ရာခိုင်နှုန်းကျော် တိုးတက်လာကြောင်း တွေ့ရသည်။ ဗီယက်နမ်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ တင်ပို့လျက်ရှိသော အဓိကပို့ကုန်များမှာ သံနှင့်သံမဏိ၊ ဓာတုနှင့် ပလတ်စတစ်ပစ္စည်းများ၊ စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်းများ၊ ပြုပြင်ထားသော စားသောက်ကုန်များနှင့် မုန့်မျိုးစုံ စသည့် ထုတ်ကုန်များဖြစ်ကြောင်း သိရသည်။Source: Viet Nam News

Source: ကောင်းထွဋ်အောင် (ကုန်သွယ်ဖွံ့ဖြိုး)

## အင်ဒိုနီးရှားနိုင်ငံအစိုးရ တန်ဖိုးနည်း ဟင်းချက်ဆီ Minyakita ဖြန့်ဖြူးရေး အစီအစဉ်အသစ် ကြေညာ

အင်ဒိုနီးရှားနိုင်ငံအစိုးရက ထောက်ပံ့ပေးထားလို့ ဈေးသက်သာနေတဲ့ ဈေးနှုန်းများဖြင့် ရောင်းချမယ့် ဟင်းချက်ဆီ ထုပ်ပိုးကုန်အသစ်ကို စတင်လိုက်ပြီဖြစ်ကြောင်း၊ အစီအစဉ်တွင်ပါဝင်ဖို့ သဘောတူတဲ့ စားအုန်းဆီ ထုတ်လုပ်သူများအတွက် မက်လုံးပေးထားကြောင်း ကုန်သွယ်ရေးဝန်ကြီး Zulkifli Hasan က ပြောကြားပါတယ်။

ဟင်းချက်ဆီထုပ်များကို Minyakita ကုန်အမှတ်တံဆိပ်ဖြင့် ရောင်းချပေးမှာဖြစ်ပြီး ရိုးရိုးရှင်းရှင်း ထုပ်ပိုးထားတဲ့ ၁ လီတာထုပ်များဖြင့် ဖြန့်ဖြူးပေးမှာဖြစ်ပါတယ်။ ရောင်းဈေးကို တစ်ထုပ်ကို ရူပီယာ ၁၄,၀၀၀ ( အမေရိကန်တစ်ဒေါ်လာနီးပါး) သတ်မှတ်ထားပါတယ်။

အစိုးရကို Minyakita ဆီထုပ်များ ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးရေးတို့ကို ပါဝင်ကူညီလုပ်ကိုင်ပေးတဲ့ စားအုန်းဆီ ထုတ်လုပ်သူများကို ၎င်းကူညီတဲ့ပမာဏရဲ့ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသော စားအုန်းဆီကြွမ်းပမာဏကို ပြည်ပတင်ပို့ခွင့်ရရှိမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် စားအုန်းဆီထုတ်လုပ်သူတစ်ဦးက စားဆီတန်ချိန် ၇,၀၀၀ ကို Minyakita ဆီထုပ်များအတွက်

ရောင်းချပေးပြီး ပါဝင်ကူညီတယ်ဆိုရင် စားအုန်းဆီကြမ်း တန်ချိန် ၄,၈၀၀ စားအုန်းဆီကြမ်း CPO ကို ပြည်ပတင်ပို့ဖို့ ပို့ကုန်ပါမစ် ရရှိမယ်လို့ Zulkifli က ပြောကြားပါတယ်။

အစိုးရက Minyakita ကို trade mark မှတ်ပုံတင်ထားပြီး ပုဂ္ဂလိက ကုမ္ပဏီများကို အစီအစဉ်မှာ ပါဝင်လုပ်ကိုင်ကြဖို့တိုက်တွန်းနေပါတယ်။ အစီအစဉ်မှာ သက်တမ်း ၄ နှစ်ပါဝင်ရမှာဖြစ်ပြီး လိုအပ်ပါက သက်တမ်း ထပ်တိုးနိုင်ပါတယ်။

Source: jakartaglobe

Source: [https://www.industrialdirectory.com.mm/article/-minyakita-edible-oil.html](https://www.industrialdirectory.com.mm/article/-minyakita-edible-oil.html)

## သြစတေးလျ-စင်ကာပူ ပင်လယ်ရေအောက် ဓာတ်အားလိုင်း သွယ်တန်းခြင်း ၂၀၂၄ တွင် စတင်မည်

သြစတြေးလျမြောက်ပိုင်းမှ ကီလိုမီတာ ၄,၂၀၀ ရှည်လျားသော ပင်လယ်ရေအောက် ကေဘယ်ကြိုးမှ တစ်ဆင့် စင်ကာပူနိုင်ငံ၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက် ၁၅ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးမည့် အကြီးစား မီဂါစီမံကိန်းကြီးကို လုပ်ကိုင်နေသည့် ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်တွင် စတင်သွယ်တန်းရန် ရည်မှန်းထားသည်။

သြစတေးလျနိုင်ငံ၏အရေးပါသည့်အဓိကပရောဂျက်များနှင့်ပတ်သက်၍ သြစတေးလျအစိုးရအား အကြံပေးသည့် Infrastructure Australia မှ "ရင်းနှီးမြှုပ်နှံမှု-အဆင်သင့်" ဖြစ်သည့်အဆင့်ရောက်ပြီဟု အဆုံးအဖြတ်ပြုကာ သတ်မှတ်ခံရပြီးနောက် အဆိုပါစီမံကိန်းသည် ပြီးခဲ့သောသီတင်းပတ်တွင် အကောင်အထည်ဖော်ရန် ပိုမိုနီးကပ်လာခဲ့ပြီဖြစ်ပါသည်။ သြစတေးလျတိုက်မှ အာရှတိုက်သို့ ပင်လယ်ရေအောက်ကြမ်းပြင်မှာ သွယ်တန်းမည့် လျှပ်စစ်ဓာတ်အားကေဘယ်လ်ကို Australia-Asia PowerLink ဟုအမည်ပေးထားပြီး ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇ ဘီလီယံဟု ခန့်မှန်းထားသည်။ ဆောက်လုပ်ရေးလုပ်ငန်းပိုင်း မစတင်ခင်မှာ ဘဏ္ဍာရေးစာရွက်စာတမ်းများ ပြည့်စုံဖို့လိုအပ်သည်။ စီမံကိန်းကို အကောင်အထည်ဖော်ရန် ငွေကြေးအင်အားရရှိမည့် အထောက်အထားများတင်ပြနိုင်ရမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု ပါဝင်လိုသူများအတွက် အများပိုင်ရန်ပုံငွေများ ထည့်ဝင်ရန်ခွင့်ပြုပေးမည့်အလားအလာရှိနေသည်။

Sun Cable က အလွန်ကြီးမားသော ဆိုလာဓာတ်အားထုတ်လုပ်ရေးစခန်းနှင့် သိုလှောင်မှု ဘက်ထရီများကို ကမ္ဘာ့အကြီးမားဆုံးဖြစ်အောင် ဆောက်လုပ်လိုသည်။ ၁၂,၀၀၀ ဟက်တာအကျယ်အဝန်းရှိ ဆိုလာလျှပ်စစ်ဓာတ်အားစခန်းကို သြစတေးလျမြောက်ပိုင်းနယ်မြေတွင်တည်ဆောက်ပြီး ဓာတ်အားထုတ်လုပ်မည်။ ရရှိလာမည့် ဓာတ်အားများသည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသော စွမ်းအင်အသန့်များဖြစ်ပြီး သြစတေးလျနိုင်ငံ ဒါဝင်မြို့သို့ ပို့လွှတ်မည်ဖြစ်သည့်အပြင် အာရှတိုက်မှစင်ကာပူသို့လည်းပေးပို့လိုသည်။

စင်ကာပူသည် ပြန်ပြည့်မြဲစွမ်းအင်ရယူနိုင်သည့် နည်းလမ်းများကိုတိုးချဲ့နေသည်။ လက်ရှိအခြေအနေတွင် စင်ကာပူတွင်သုံးစွဲနေသည့်လျှပ်စစ်ဓာတ်အားကို သဘာဝဓာတ်ငွေ့များ လောင်ကျွမ်းခြင်းထံမှရယူနေသည်။ ထိုနည်းလမ်းဖြင့် ထုတ်လုပ်ခြင်းသည် ကမ္ဘာ့ပူနွေးမှုကိုဖြစ်ပေါ်စေသည်။ လျှပ်စစ်ဓာတ်အား လိုအပ်ချက်စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကို ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော ရင်းမြစ်များထံမှစင်ကာပူရယူမည်ဟု ယမန်နှစ်ကထုတ်ပြန်ကြေညာခဲ့သည်။ စင်ကာပူက လျှပ်စစ်ကိုသွင်းကုန်အဖြစ် လာအိုနိုင်ငံမှ လျှပ်စစ်ဓာတ်အားတင်သွင်းသည်။ ဓာတ်အားလိုင်းသည် ထိုင်းနှင့်မလေးရှားတို့မှတစ်ဆင့် စင်ကာပူသို့ရောက်ရှိသည်။ Power Integration Project ဖြင့် အကောင်အထည်ဖော်ဆောင်သော လျှပ်စစ်ဓာတ်အား ရယူခြင်းသည် လာအိုနိုင်ငံရှိ ရေအားလျှပ်စစ်စီမံကိန်းများထံမှရရှိသော လျှပ်စစ်စွမ်းအင်ကို စင်ကာပူကရယူသုံးစွဲခြင်းဖြစ်သည်။ တည်ရှိပြီးသား ဗို့အားမြင့် ဓာတ်အားလိုင်းများမှတစ်ဆင့် 100MW အထိရယူသည်။ ၂၀၂၀ စင်ကာပူ ဓာတ်အား သုံးစွဲမှုပမာဏစုစုပေါင်း ၁ ဒသမ ၅ ရာခိုင်နှုန်းကိုရရှိသည်။ Sun Cable အနေဖြင့် သက်ဆိုင်ရာအစိုးရများနှင့် သဘောတူညီချက်ရယူဖို့လိုသည်။ စင်ကာပူရှိ ဓာတ်အားလိုင်းသို့ ချိတ်ဆက်ဖို့အတွက် Energy Market Authority နှင့် ဆွေးနွေးညှိနှိုင်းနေသည်။ Sun Cable အနေဖြင့် လျှပ်စစ်ဓာတ်အား တင်ပို့ရန်အတွက် သွင်းကုန် လိုင်စင်များလိုအပ်မည်ဖြစ်သည်။ ကေဘယ်ကြိုးသွယ်တန်းရာ၌ အင်ဒိုနီးရှားရေပိုင်နက်ကို ဖြတ်သန်းမည်ဖြစ်ရာ အင်ဒိုနီးရှားမှ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံမှလည်း သဘောတူခွင့်ပြုချက်ရယူဖို့ လိုအပ်မည်ဖြစ်သည်။ စီမံကိန်းအကောင်အထည်ဖော်နေစဉ် အင်ဒိုနီးရှားတွင် အခြေစိုက်စခန်းများထားရှိခွင့်လည်း တောင်းခံရမည်ဖြစ်သည်။ ဘဏ္ဍာရေးဖူလုံဖို့အတွက်လည်း ကျောထောက်နောက်ခံ ရှိဖို့လိုမည်ဖြစ်သည်။ လက်ရှိ အနေအထားတွင် သြစတေးလျမှ အချမ်းသာဆုံး သူဌေးနှစ်ဦးဖြစ်သော နည်းပညာ မဟာလုပ်ငန်းရှင် Mike Cannon-Brookes နှင့် သတ္တုတွင်းသူဌေး Andrew Forrest တို့က ကျောထောက်နောက်ခံပြုပေးထားသော်လည်း ၎င်းတို့ နှစ်ဦးဖြင့် မလုံလောက်ချေ။ Australia-Asia PowerLink ကို လျာထားချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခဲ့လျှင် ၂၀၂၉ တွင် လုပ်ငန်း အပြည့်အဝ လည်ပတ်မည်ဖြစ်သည်။

Source: CNA

Source: [https://www.industrialdirectory.com.mm/article/singapore-renewable-power.html](https://www.industrialdirectory.com.mm/article/singapore-renewable-power.html)

## ချန်ဂီလေဆိပ် Terminal 4 စက်တင်ဘာ ၁၃ ရက် ပြန်လည်ဖွင့်လှစ်မည်

ချန်ဂီလေဆိပ်၏ Terminal 4 ကို စက်တင်ဘာ ၁၃ ရက်တွင်ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။ ချန်ဂီလေဆိပ်၏ Terminal 4 တွင် COVID-19 ကပ်ရောဂါကြောင့် လေကြောင်းခရီးသွားလာမှု သိသိသာသာကျဆင်းသွားသည့်အတွက် လွန်ခဲ့သည့် ၂ နှစ်ကျော်က Terminal 4 ကို ရပ်ဆိုင်းထားခဲ့သည်။ ချန်ဂီလေဆိပ်၏ Terminal 4 သည် COVID-19 ကူးစက်ရောဂါကြောင့် နှစ်နှစ်ကြာ ရပ်နားထားရပြီး စက်တင်ဘာ ၁၃ ရက်တွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း Changi Airport Group (CAG) မှ သောကြာနေ့ (ဇူလိုင် ၂၂ ရက်) တွင် ကြေညာခဲ့သည်။ ကပ်ရောဂါကြောင့် လေကြောင်း ခရီးသွားလာမှု လွန်စွာကျဆင်းသွားသည့်အတွက် Terminal 4 ကို ၂၀၂၀ ခုနှစ် မေလတွင် လုပ်ငန်းလည်ပတ်မှုကို ရပ်ဆိုင်းခဲ့သည်။

၂၀၂၀ ခုနှစ်တွင် ပိတ်သိမ်းပြီးနောက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည့် Terminal 2 ထွက်ခွာခန်းမ၏ တောင်ပိုင်း တောင်ပံကိုလည်း အောက်တိုဘာလတွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း လွန်ခဲ့သည့်ရက်ပိုင်းတွင် ကြေညာခဲ့သည်။ ပြန်လည်ဖွင့်လှစ်မည့်နေ့တွင် Cathay Pacific နှင့် Korean Air တို့ဖြင့် စတင်မည်ဖြစ်ပြီး စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် လေကြောင်းလိုင်း ၁၆ ခုမှ Terminal 4 သို့ အဆင့်ဆင့်ပြောင်းရွှေ့သွားမည်ဖြစ်သည်။ AirAsia Groupသည် စက်တင်ဘာ ၁၅ ရက်တွင် ပြောင်းရွှေ့မည်ဖြစ်ပြီး Cebu Pacific၊ Juneyao Air၊ Jeju Air၊ Bamboo Airways နှင့် HK Express တို့သည် စက်တင်ဘာ ၂၀ ရက်တွင် စတင်သုံးစွဲကြမည်ဖြစ်သည်။

ဗီယက်နမ်လေကြောင်းလိုင်း၊ VietJet Air နှင့် Thai VietJet Air အပါအဝင် အခြားလေကြောင်းလိုင်းအချို့တို့သည် စက်တင်ဘာ ၂၂ ရက်တွင် ပြောင်းရွှေ့မည်ဖြစ်သည်။ Jetstar Asia ကို အောက်တိုဘာလ ၂၅ ရက်နေ့တွင် Terminal 4 သို့ ပြောင်းရွှေ့ရန် CAG မှ စီစဉ်ထားသော်လည်း လေကြောင်းလိုင်းမှ "ရွှေ့ရန် မရည်ရွယ်ထားကြောင်း" ထုတ်ပြန်ကြေညာခဲ့သည်။ CAG ၏ ဆုံးဖြတ်ချက်သည် လေဆိပ်အော်ပရေတာမှ တစ်ဖက်သတ်ဆုံးဖြတ်ချက်ဖြစ်နေသည်ဟု လေကြောင်းလိုင်းက ကန့်ကွက်ပြောဆိုသည်။ Jetstar Asia သည် လက်ရှိတွင် အဓိကအားဖြင့် Terminal 1 မှ ပျံသန်းပြေးဆွဲနေပြီး အချို့သော လေကြောင်းခရီးစဉ်များတွင် Terminal 2 ကို အသုံးပြုသည်။

၂၀၁၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး Terminal 4 သည် Changi Airport ၏ နောက်ဆုံးထပ်တိုးသည့် Terminal ဖြစ်ပြီး တစ်နှစ်လျှင် ခရီးသည် ၁၆ သန်းအထိ ကိုင်တွယ်ပေးနိုင်စွမ်း ရှိသည်။

Source: https://logisticsguide.com.mm/en/industry-news/transportation/226407-terminal-4.html

## ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံသူအများစုက လာအိုနိုင်ငံ ဈေးကွက်ကို ကြိုက်နှစ်သက်လျက်ရှိ

လာအိုနိုင်ငံသည် ပို့ကုန်တင်ပို့သော ပြည်ပနိုင်ငံများထံမှ အရည်အသွေးထောက်ခံချက် (Quality Certification) အများစုကို လက်ခံအသိအမှတ်ပြုခြင်းကြောင့် ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံသူများစွာက လာအိုနိုင်ငံဈေးကွက်အား ဦးတည်ဈေးကွက်တစ်ရပ်အဖြစ် ကြိုက်နှစ်သက်လျက်ရှိသည်ဟု သိရပါသည်။

ဗီယက်နမ်-လာအိုကုန်သွယ်ရေးသဘောတူညီချက်၊ နယ်စပ်ကုန်သွယ်ရေးသဘောတူညီချက်နှင့် အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူညီချက် (ASEAN Trade in Goods Agreement-ATIGA) တို့ အောက်မှ လာအိုနိုင်ငံသို့တင်ပို့သော ဗီယက်နမ်ပို့ကုန်များသည် အပြန်အလှန်အားဖြင့် အကောက်ခွန်ကင်းလွတ်ခွင့် (Zero Tariffs) ကိုလည်း ရရှိခံစားနိုင်ပါသည်။

လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့သည် ကီလိုမီတာ ၂၃၀၀ ကျော်ဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိကြောင်း၊ ဗီယက်နမ်စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ ၂၀၂၁ ခုနှစ်တွင် လာအို-ဗီယက်နမ် နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇ ဘီလျံသို့ ရောက် ရှိခဲ့ပြီး၊ ၂၀၂၀ ခုနှစ်ကထက် ၃၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ လာအိုနိုင်ငံသို့ ပို့ကုန်တင်ပို့မှုသည် ၅၉၄ ဒသမ ၇ သန်းရှိခဲ့ပြီး နှစ်အလိုက်နှိုင်းယှဉ်လျှင် ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ လာအိုမှ ဗီယက်နမ်သို့ သွင်းကုန် တင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၇၇၈ ဒသမ ၂ သန်း ဖြင့် ၆၉ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရပါသည်။

၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်တွင် လာအိုနိုင်ငံထံမှ ဗီယက်နမ်နိုင်ငံသို့ သွင်းကုန်တင်သွင်းမှုသည် နှစ်အလိုက် နှိုင်းယှဉ်ချက်အရ အမေရိကန်ဒေါ်လာ ၅၁၄ ဒသမ ၆ သန်းဖြင့် ၄၅ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အဓိက တင်သွင်းခဲ့သည့် ကုန်စည်အမယ်များတွင် ရော်ဘာ၊ သစ်နှင့် သစ်ထုတ်ကုန်များ၊ ဓါတ်မြေဩဇာ၊ ဟင်းသီးဟင်းရွက်များ၊ သတ္တုရိုင်းနှင့် တွင်းထွက်ပစ္စည်းများ ပါဝင်ကြောင်းသိရပါသည်။ အလားတူကာလတွင် ဗီယက်နမ်မှ လာအိုသို့ ပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၃၀၉ ဒသမ ၄ သန်းရှိရာ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ လာအိုနိုင်ငံသို့ သံနှင့်သံမဏိပစ္စည်းများ၊ ယာဉ်နှင့်ယာဉ်အစိတ်အပိုင်းများ၊ စက်နှင့်စက်ပစ္စည်းအစိတ်အပိုင်းများ၊ ဓါတ်မြေဩဇာ၊ ပလပ်စတစ်နှင့် ဟင်းသီးဟင်းရွက်များ တင်ပို့ကြောင်း သိရပါသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံသည် လာအိုနိုင်ငံရှိ စီမံကိန်း ၄၁၇ တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလျံကို ရင်းနှီးမြှုပ်နှံထားပြီး၊ တတိယအများဆုံး ရင်းနှီးမြှုပ်နှံသူအဖြစ် ရပ်တည်နေကြောင်း၊ လာအိုနိုင်ငံအနေဖြင့် ရည်ရှည်တည်တံ့၍ သန့်ရှင်းမှုရှိသည့် လယ်ယာစိုက်ပျိုးရေး (Clean Agriculture)၊ ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းကဏ္ဍ (Processing and Manufacturing) တို့အပါအဝင် နယ်ပယ်များစွာ၌ ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများအား ဦးစားပေးဆောင်ရွက်ထားကြောင်း၊ လာအိုနှင့် ဗီယက်နမ် နှစ်နိုင်ငံတို့သည် လျှပ်စစ်နှင့် ဓါတ်သတ္တုတူးဖော်ခြင်းကဏ္ဍတို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှု ချဲ့ထွင်နိုင်မည့် အလားအလာများစွာရှိနေသည်ဟု ယုံကြည်ထားကြကြောင်း၊ ထို့ပြင် နှစ်နိုင်ငံကုန်သွယ်မှုကို ယခု နှစ်တွင် (၁၀) ရာခိုင်နှုန်းမှ (၁၅) ရာခိုင်နှုန်း အတွင်းတိုးမြှင့်နိုင်ရေးကြိုးပမ်းဆောင်ရွက်နေကြောင်းသိရပါသည်။

ရင်းမြစ် - (https://en.vietnamplus.vn/)

Source: ကျော်စိန်ဝင်း၊မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့(STP)

## အိန္ဒိယနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအကောင်းဆုံး ပြည်နယ် (၇) ခု

အိန္ဒိယနိုင်ငံ၊ စက်မှုနှင့်ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးဌာန (DPIIT) သည် အိန္ဒိယနိုင်ငံတွင် စီးပွားရေးဝန်းကျင် ကောင်းမွန်လာပြီး ရင်းနှီးမြှုပ်နှံမှုများပိုမိုစီးဝင်လာစေရန်အတွက် ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများနှင့်ပူးပေါင်း၍ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှု ဆိုင်ရာလုပ်ငန်းစီမံချက် (Business Reform Action Plan -BRAP) များကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါသည်။ ပြည်နယ်များအလိုက် ကျင့်သုံးလျက်ရှိသော စီးပွားရေးဆိုင်ရာ အကောင်းဆုံးအလေ့အထများကို အပြန်အလှန်လေ့လာသင်ယူပြီး စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဖြင့် စီးပွားရေးဝန်းကျင်တိုးတက် ကောင်းမွန်လာစေရန်အတွက် အိန္ဒိယနိုင်ငံသည် ကမ္ဘာတစ်ဝန်းတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အကောင်းဆုံးနိုင်ငံ တစ်ခုဖြစ်လာစေရန် ရည်ရွယ်ထားကြောင်း အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးဖြစ်သူ Mr. Piyush Goyal က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံအစိုးရသည် ၂၀၂၂ ခုနှစ် ၊ ဇွန်လ ၃၀ ရက်နေ့တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစီမံချက် (BRAP) အစီရင်ခံစာ (၂၀၂၀) ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါအစီရင်ခံစာတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအပေါ်မူတည်၍ ပြည်နယ်များကို ထိပ်တန်းအုပ်စု၊ အောင်မြင်မှုရရှိသည့်အုပ်စု၊ ကြိုးစားမှုအကောင်းဆုံးအုပ်စုနှင့် စီးပွားရေးဂေဟစနစ်ပေါ်ထွန်းလာသည့်အုပ်စုဟူ၍ အုပ်စု ၄ ခု ခွဲခြားထားပါသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုအကောင်းဆုံး ထိပ်တန်းအုပ်စုတွင်ပါဝင်သည့် ပြည်နယ်များမှာ အင်ဒရာပရာဒေ့ရှ်၊ ဂူဂျာရတ်၊ ဟာယန၊ ကာနာတာကာ၊ ပန်ဂျပ်၊ တမီးနာဒူနှင့် တယ်လန်ဂါနာ တို့ဖြစ်သည်။ ထိုအစီရင်ခံစာတွင် သတင်းအချက်အလက်ရရှိနိုင်မှု၊ ပြတင်းတစ်ပေါက်စနစ် (Single Window System) ၊ အလုပ်သမားဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ သဘာဝပတ်ဝန်းကျင်၊ မြေယာစီမံခန့်ခွဲမှု၊ မြေယာနှင့်ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းနှင့် ပါမစ်စသည့် နယ်ပယ် (၁၅) ခုကို လွှမ်းခြုံသည့် ပြုပြင်ပြောင်းလဲရမည့်လုပ်ငန်း ၃၀၁ ခု ပါဝင်သည်။ ပြည်နယ်များ၏စွမ်းဆောင်ရည်ကိုအကဲဖြတ်ရာတွင် အဆိုပါလုပ်ငန်း ၃၀၁ ခု အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအပေါ်တွင် မူတည်၍ အကဲဖြတ်ပါသည်။

အိန္ဒိယနိုင်ငံ စက်မှုနှင့်ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးဌာနသည် စီးပွားရေးလုပ်ကိုင်ရလွယ်ကူစေရန် ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ၊ ၂၀၁၆ ၊ ၂၀၁၇-၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့တွင် အစီရင်ခံစာများထုတ်ပြန်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ (၂၀၁၉) တွင် အင်ဒရာပရာဒေ့ရှ် ပြည်နယ်သည် စီးပွားရေးလုပ်ကိုင်ရန်အကောင်းဆုံးပြည်နယ်ဖြစ်ခဲ့ပြီး၊ ယင်း၏နောက်တွင် ဥတရာပရာဒေ့ရှ်၊ တီလန်ဂနာ၊ မဒ္ဒရာပရာဒေ့ရှ်နှင့် ဂျဟာခန်ပြည်နယ်များက အသီးသီးရပ်တည်လျက်ရှိကြသည်။ ပြည်နယ်အစိုးရများအနေဖြင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြသည့်အတွက် အစီရင်ခံစာ (၂၀၂၀) တွင် ပြုပြောင်းပြောင်းလဲရမည့် လုပ်ငန်းအသစ် ၁၁၈ ခုကို ထည့်သွင်းခဲ့သည်။ ထို့ပြင် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းနယ်ပယ် ပိုမိုကျယ်ပြန့်လာစေရန်အတွက် ကဏ္ဍ ၉ ခုဖြစ်သည့် ကုန်သွယ်မှုလိုင်စင်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ တိုင်းတာမှုဆိုင်ရာဥပဒေများ၊ ရုပ်ရှင်ရုံများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ မီးဘေးလုံခြုံရေးထောက်ခံချက်(NOC)၊ တယ်လီဖုန်းဆက်သွယ်ရေး၊ ရုပ်ရှင်ရိုက်ကူးရေးနှင့် ခရီးသွားလာရေး နယ်ပယ်များနှင့်စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရမည့် လုပ်ငန်း ၇၂ ခုကို ပထမဆုံး အကြိမ် ထည့်သွင်းခဲ့သည်။

အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာများကို အောင်မြင်အောင်တည်ဆောက်နိုင်ရန်အတွက် နိုင်ငံခြားကုမ္ပဏီများ အနေဖြင့် လက်တွေ့နယ်ပယ်၌ ပြည်နယ်များအကြား ကွာခြားမှုများရှိသည်ကို နားလည်ထားရမည်ဖြစ်သည်။ စီးပွားရေး လုပ်ဆောင်ရလွယ်ကူမှု အစီရင်ခံစာများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် ပြည်နယ်များ၏ စွမ်းဆောင်ရည်များကို ကိန်းဂဏန်းအချက်အလက်များဖြင့် သုံးသပ်နိုင်ပြီး ၎င်းတို့၏ ပြုပြင်ပြောင်းလဲမှုများသည် လက်တွေ့ကျသော မူဝါဒများအဖြစ် ယုံကြည်စိတ်ချရမှု ရှိ/မရှိကို သိရှိနိုင်မည်ဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် အိန္ဒိယတစ်နိုင်ငံလုံးကို ခြုံငုံလေ့လာခြင်းထက် ပြည်နယ်များ၏

စက်မှုဆိုင်ရာဂေဟာစနစ်၊ ထောက်ပံ့ပို့ဆောင်ရေး၊ အခြေခံအဆောက်အဦနှင့် ဗြူရိုကရေစီစနစ်တို့ကို နှိုင်းယှဉ်လေ့လာကာ ကုမ္ပဏီ၏လုပ်ငန်းလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ အကဲဖြတ်ရန်လိုအပ်သည်။ အကြောင်းမှာ အိန္ဒိယနိုင်ငံတွင် ပြည်နယ်တစ်ခုနှင့်တစ်ခု စီမံအုပ်ချုပ်မှုများ မတူညီသောကြောင့်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက (က) အဆိုပြုထားသော စီးပွားရေး လုပ်ငန်းတစ်ခု စတင်ရန်အတွက် အသင့်တော်ဆုံးသောအခြေအနေတစ်ရပ်ကို ရွေးချယ်နိုင်ရန်အလို့ငှာ အသေးစိတ် လေ့လာဆန်းစစ်မှုများ ပြုလုပ်ခြင်း၊ (ခ) အစိုးရတည်ငြိမ်မှု၊ စက်မှုလုပ်ငန်းဆိုင်ရာမူဝါဒများ၊ စီးပွားရေးလုပ်ကိုင်ရ လွယ်ကူမှုနှင့်ပွင့်လင်းမြင်သာရှိမှုစသည့် အချက်များကို လေ့လာအကဲဖြတ်ခြင်း၊ (ဂ) ပြည်နယ်များနှင့်မြို့ကြီးများ၏ စီးပွားရေးအလားအလာ၊ ဈေးကွက်အရွယ်အစား၊ လုပ်ငန်းဆောင်ရွက်မှု ပတ်ဝန်းကျင်ကိုလေ့လာအကဲဖြတ်ခြင်း (ဃ) ပြည်နယ်များမှပေးအပ်သောမက်လုံးများ (Incentives) များနှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်စေရန်အတွက် ပြည်နယ်စက်မှုဆိုင်ရာအာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် (င) စီးပွားရေးလုပ်ငန်းအတွက် အဓိကဈေးကွက် ချိတ်ဆက်ပေးနိုင်မည့် စီးပွားရေးပြိုင်ဖက်များ သို့မဟုတ် ဒေသခံကုမ္ပဏီများကို လေ့လာစုံစမ်းခြင်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သည်။ Source: INDIA BRIEFING

Source: မေအောင်လိန်း (MYANTRADE)

## တရုတ်နှင့် ရုရှားနိုင်ငံတို့ နှစ် ၃၀ သက်တမ်းရှိ ဓာတ်ငွေ့သဘောတူညီချက်သဘောတူ

ရုရှားသည် တရုတ်နိုင်ငံသို့ ပိုက်လိုင်းဓာတ်ငွေ့ LNG ရောင်းချနေလျှက်ရှိရာထပ်မံ၍ ဆိုက်ဘေးရီးယား ပရောဂျက် Gazprom မှတဆင့် တရုတ်နိုင်ငံသို့ ဓာတ်ငွေ့ ၁၀ ဘီလီယံကုဗမီတာ ထပ်တိုးရောင်းချရန် ဖြစ်ပြီး သုံးနှစ်အတွင်း ပိုက်လိုင်း အသစ်များမှတဆင့်တင်ပို့ဖြစ်ကြောင်း ရုရှားသည် ယူကရိန်းထက် ဥရောပနှင့် ထိပ်တိုက်တွေ့နေကြောင်း သတင်းရင်းမြစ်တွင် ဖော်ပြထားပါသည်။

ပိုက်လိုင်းသစ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဓာတ်ငွေ့ရောင်းချရန် နှစ် ၃၀ စာချုပ်ကို ရုရှားနိုင်ငံက သဘောတူညီခဲ့ပြီး ဓာတ်ငွေ့ရောင်းချမှုအသစ်ကို ယူရိုဖြင့်ပေးချေသွားမည်ဖြစ်ကြောင်း ယူကရိန်းနှင့်အခြားနိုင်ငံများအကြား မော်စကို၏ အနောက်နိုင်ငံများနှင့် တင်းမာနေသည့် ဆက်ဆံရေးကြားတွင် ပေကျင်းနှင့် စွမ်းအင်မဟာမိတ်အဖြစ် အားကောင်းစေမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ပိုက်လိုင်းဖြင့် ရုရှားဓာတ်ငွေ့တင်ပို့မှုတွင် လက်ဝါးကြီးအုပ်ထားသည့် Gazprom သည် တစ်နှစ်လျှင် ဓာတ်ငွေ့ကုဗမီတာ ၁၀ ဘီလီယံဖြင့် တရုတ်အစိုးရ၏ အထင်ကရစွမ်းအင်ကုမ္ပဏီ CNPC ကို ရောင်းချပေးရန် သဘောတူခဲ့ကြောင်း ရုရှားကုမ္ပဏီနှင့် ဘေဂျင်းအခြေစိုက် စက်မှုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။ ရုရှား၏ အရှေ့ဖျား ဒေသနှင့် တရုတ်နိုင်ငံနှင့် အရှေ့မြောက်ပိုင်းကို ဆက်သွယ်ပေးမည့် ပိုက်လိုင်းမှတစ်ဆင့် ပထမဆုံးစီးဆင်းသည့် ပိုက်လိုင်းသည် ၂ နှစ်မှ သုံးနှစ်အတွင်း စတင်မည်ဟု Gazprom ၏ သဘောတူညီချက်ကို ကြေငြာပြီးနောက် သတင်းရင်းမြစ်က ထွက်ပေါ်လာသော မှတ်ချက်များတွင် ပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ်တွင် ရုရှားသည် သဘာဝဓာတ်ငွေ့ရည် (LNG) ပေးပို့သည့် ၎င်း၏ Power of Siberia ပိုက်လိုင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဓာတ်ငွေ့များရောင်းချမှုကိုစတင်ခဲ့ပြီး ရုရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ ဓာတ်ငွေ့များပေးပို့နေပြီဖြစ်ကြောင်း၊ ၎င်းသည် ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ ၁၆ ဒသမ ၅ ဘီလီယံကုဗမီတာ (bcm) တင်ပို့ခဲ့ကြောင်း၊ Power of Siberia ကွန်ရက်သည် တင်းကျပ်သော ထောက်ပံ့မှုများကြောင့်အပါအဝင် မော်စကိုနှင့်ဖြစ်ပေါ်သော ဆက်ဆံရေးတင်းမာမှုကြောင့် ဓာတ်ငွေ့ဈေးနှုန်းများတဟုန်ထိုး တက်နေသောဥရောပသို့ ဓာတ်ငွေ့ပို့သည့်ပိုက်လိုင်းများနှင့် ချိတ်ဆက်ထားခြင်း မရှိကြောင်း၊ ယခင်ရေးဆွဲခဲ့သည့် အစီအစဉ်များအရ ရုရှားသည် ၂၀၂၅ ခုနှစ်တွင် ပိုက်လိုင်းဖြင့် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ ၃၈ ဘီလီယံ ကုဗမီတာ ရောင်းချရန် ရည်မှန်းထားကြောင်း ဘေဂျင်း ဆောင်းရာသီ အိုလံပစ်ပွဲတော်သို့ ရုရှားသမ္မတ ဗလာဒီမာ ပူတင် လာရောက်လည်ပတ်သည့်အချိန်နှင့် တိုက်ဆိုင်သော သဘောတူညီချက်သစ်သည် နောက်ထပ် ၁၀ ဘီလီယံကုဗမီတာ တိုးလာကာ တရုတ်နိုင်ငံသို့ နှစ်ရှည်စာချုပ်များအောက်တွင် ရုရှားမှ ပိုက်လိုင်းများမှတဆင့် ရောင်းချမှု တိုးလာမည်ဖြစ်သည်။

အဆိုပါသဘောတူညီချက်အရ ယူရိုငွေဖြင့် ပေးချေသွားမည်ဖြစ်ကြောင်း အမေရိကန်ဒေါ်လာကို အခြေပြုသုံးစွဲနေမှုမှ ပြောင်းလဲစေရန် ပြည်နယ်နှစ်ခု၏ ကြိုးပမ်းမှုများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံသို့ ဓာတ်ငွေ့ပေးပို့သည့် ကီလိုမီတာ ၄၀၀၀ (မိုင် ၂၅၀၀) ခန့်ရှည်လျားသော ပိုက်လိုင်းဖြစ်သည့် Power of Siberia စတင်တည်ထောင်ပြီးနောက် ကုမ္ပဏီနှစ်ခုကြား ဆွေးနွေးမှုများ စတင်ခဲ့ခြင်းဖြစ်ကြောင်း ပေကျင်း သည် မကြာသေးမီက ၎င်း၏ ၂၀၆၀ ကာဗွန်ကြားနေရေးပန်းတိုင် carbon neutral goal ချမှတ်ပြီးနောက် ဆွေးနွေးပွဲများ ပိုမိုအရှိန်မြှင့်လာခဲ့ကြောင်း ဖော်ပြထားပါသည်။

ပြီးခဲ့သောနှစ် ၂၀၂၁ ခုနှစ် တရုတ်နိုင်ငံ၏ ကျောက်မီးသွေး ပြတ်လပ်မှုသည် သဘာဝဓာတ်ငွေ့၏ အထူးတန်ဖိုး ရှိကြောင်း နိုးကြားစေသောကြောင့် CNPC က ပိုက်လိုင်းသဘောတူညီချက်သစ်များကို ဖြည့်ဆည်းရန် ဆုံးဖြတ်ခဲ့ကြောင်း

သတင်းရင်းမြစ်ကပြောကြားခဲ့ကြောင်း တရုတ်နိုင်ငံသည် LNG တင်သွင်းမှု တိုးတက်သောတစ်ခုတည်းသော အကြီးဆုံးနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဟု IEA က ပြောကြားခဲ့ သော်လည်း ရုရှားမှ ပိုက်လိုင်းစီးဆင်းမှု များပြားလာမှုကြောင့် အလုံးစုံဓာတ်ငွေ့ဝယ်လိုအား တိုးတက်မှုသည် ၂၀၂၁ ခုနှစ်တွင် ၁၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် တိုးတက် မှုနှုန်း ၉ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့၍ တိုးတက်မှုနှေးကွေးခြင်းဖြစ်ပေါ်ကြောင်းဖော်ပြထားပါသည်။

Source:www.reuters.com/world/asia-pacific/exclusive-russia-china-agree-30-year-gas-deal-using-new-pipeline-source-2022-02-04/

Source: ဝေရီလင်း-မြန်မာစီးပွားရေးသံမှူးကုမင်းမြို့

## ယူနန် စပျစ်နီ ပြည်ပတင်ပို့ရန် ယခုနှစ်မှာ အခက်အခဲများ ရင်ဆိုင်နေရ

ယခုနှစ်မှာ တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ စပျစ်နီ Red grape များ ပြည်ပတင်ပို့ရန် အခက်အခဲများ ရင်ဆိုင်နေရပြီး ဈေးကွက်ထဲမှာ ပြိုင်ဆိုင်မှုများလည်း ပြင်းထန်နေပါတယ်။

တရုတ်နိုင်ငံက စားပွဲတင်စပျစ်သီးများ ထုတ်လုပ်မှု အများဆုံးဖြစ်သလို စားသုံးမှုလည်းများပြားပါတယ်။ တရုတ်ပြည်မှာ စပျစ်စိုက်ပျိုးခဲ့တဲ့ သမိုင်းကြောင်းက ရင့်ကြာခဲ့ပါပြီ။ ပြည်တွင်းဈေးကွက် ကြီးမားတဲ့အပြင် တရုတ်နိုင်ငံက ပစ္စည်းပေးပို့ကွင်းဆက် အားသာချက်၊ ဈေးနှုန်းအားသာချက်များ ရှိနေခဲ့ဖူး ပါတယ်။ တရုတ်စပျစ်ကို အရှေ့တောင်အာရှဈေးကွက်များမှာ အမြဲတမ်း ဝယ်လိုအားကောင်းပါတယ်။ ပြည်ပ ပို့ကုန်ဈေးကွက်မှာ စပျစ်နီများဟာ အရေးပါတဲ့ စပျစ်မျိုးဖြစ်ပါတယ်။

Zhangpu Yicai Fruit & Vegetable Co., Ltd. မှာ Ms. Grace က စပျစ်နီ ပြည်ပတင်ပို့တဲ့ ဈေးကွက် အခြေအနေများကို ပြောပြပါတယ်။ "ဇွန်လမှ ဩဂုတ်လအထိ ယူနန်ပြည်နယ်မှာ စပျစ်သီးနီထွက်တဲ့ ရာသီဖြစ်ပါတယ်။ ယခုနှစ် အထွက်နှုန်းက ယမန်နှစ် အထွက်နှုန်းနဲ့ မတိမ်းမယိမ်းပါပဲ။ ပြည်ပပို့ကုန်ဈေးနှုန်းတွေကလည်း အတူတူပါပဲ။ ဒါပေမဲ့ ပြည်ပတင်ပို့တဲ့ အခြေအနေတွေကတော့ ယမန်နှစ်လို အတူတူဖြစ်လိမ့်မယ်လို့ ကျွန်မတို့မထင်ပါဘူး။ နိုင်ငံတကာဈေးကွက်အပေါ် Covid-19 ဆိုးကျိုးသက်ရောက်မှုက ကြီးမားပါတယ်။ ဝယ်လိုအားတွေ အားနည်းကုန်တယ်။

အဲဒါအပြင် ပင်လယ်ရပ်ခြားဈေးကွက်တွေထဲ တရုတ်စပျစ်တွေ ဝင်ရောက်တဲ့အခါမှာ ဩစတေးလျ၊ အီဂျစ်နဲ့ အခြားနိုင်ငံများမှဝင်လာတဲ့ စပျစ်တွေကို ယှဉ်ပြိုင်ကြရပါတယ်။ ဝယ်လိုအားတွေ အားနည်းနေတော့ ဈေးကွက်ထဲ ပြိုင်ဆိုင်မှုက ပြင်းထန်ပါတယ်။ စပျစ်သီးကို ရွေးချယ်တဲ့အခါ တရုတ်စပျစ်ကို ပထမဆုံးရွေးချယ်တာ ဖြစ်ချင်မှဖြစ်မယ်။ အရင်ဆုံး ရွေးစရာဆိုလို့ တရုတ်စပျစ်ပဲ ရှိတာမျိုးလည်း မဟုတ်ပါဘူး" လို့ သူက ပြောပြပါတယ်။

"တရုတ်ပြည်တွင်းမှာ စပျစ်စိုက်ခင်းတွေ တဖြည်းဖြည်းနဲ့ပျံ့နှံ့သွားလို့ နိုင်ငံမှာ စပျစ်စိုက်ပျိုးတဲ့ ဧရိယာက ကြီးမားပါတယ်။ ဒါပေမဲ့ အမြင့်တန်း စပျစ်အမျိုးအစားများက ပြည်တွင်းဈေးကွက်ထဲမှာ ဈေးမြင့်နေဆဲပါပဲ။ နိုင်ငံတကာဈေးကွက်ထဲယှဉ်ပြိုင်ဖို့ ဈေးကြီးလွန်းနေပါတယ်"လို့ Ms. Grace က ပြောကြားပါတယ်။ ကပ်ရောဂါရဲ့ဆိုးကျိုးသက်ရောက်မှုများနှင့် သင်္ဘောတန်ဆာခများမြင့်မားနေလို့ ကုန်ကျစရိတ်ကြီးမားနေတဲ့အကြောင်းမေးမြန်းတဲ့အခါ Ms. Grace က ဖြေကြားပါတယ်။

"ကပ်ရောဂါအစပိုင်းမှာ ဆိပ်ကမ်းတွေမှာကျပ်စို့နေကြတယ်။ သင်္ဘောတွေ အမြဲလိုလိုရောက်တဲ့ရက်တွေ နောက်ကျတယ်။ ကွန်တိန်နာတင်ဖို့ နေရာမရဘူး။ ကွန်တိန်နာခတွေကလည်း ဈေးတက်တယ်။ ကွန်တိန်နာ သယ်ပို့စရိတ်စကတွေလည်း ဈေးတက်ပါတယ်။ ကျွန်မတို့ရောင်းချမယ့်အစီအစဉ်တွေကိုထိခိုက်ပါတယ်။ ယမန်နှစ်က ကွန်တိန်နာသယ်ပို့ခတွေ ဈေးထိုးတက်ကုန်တယ်။ တင်ပို့ဖို့စီစဉ်ထားတာတွေရုပ်သိမ်းလိုက်ရတယ်။ ကုန်အတွက်နေရာက မလုံလောက်တာကလည်း တစ်ကြောင်းဖြစ်ပါတယ်။ ပြည်ပတင်ပို့စရိတ်မြင့်တက်ကုန်တော့ ပြည်ပတင်ပို့ရောင်းချတဲ့ပမာဏ လျော့ကျကုန်ပါတယ်" ယခုနှစ်မှာလည်း ကပ်ရောဂါကူးစက်မှုတွေ ပြန်ပြန်ဖြစ်နေတယ်။ ပြည်ပတင်ပို့ဖို့အတွက် ထိခိုက်တယ်။ ပြည်ပသို့ စပျစ်တင်ပို့ကြတဲ့ ပို့ကုန်လုပ်ငန်းရှင်အချို့က ပြည်ပတင်ပို့မယ့် အစီအစဉ်တွေကို ရုပ်သိမ်းလိုက်ကြပြီး တရုတ်ပြည်တွင်းဈေးကွက်ထဲမှာပဲ စပျစ်တွေကိုရောင်းချလိုက်ကြတယ်။ တချို့က အာရှနိုင်ငံတချို့ထံ တင်ပို့လိုက်ကြကြောင်း သူကပြောပြပါတယ်။ "အာရှဈေးကွက်တွေမှာတော့ တရုတ်စပျစ်က အားသာချက်တွေရှိတယ်။ ပထမတစ်ချက်က သင်္ဘောဖြင့် တင်ပို့တဲ့အခါ လမ်းခရီးက တခြားနိုင်ငံ (အီဂျစ်၊ ဩစတေးလျ စသဖြင့်) တွေထက် တရုတ်ဆိပ်ကမ်းတွေကပိုနီးတယ်။ ပိုမြန်မြန်ရောက်တယ်။ ဒီတော့ တရုတ်စပျစ်က ပိုလတ်ဆတ်တယ်။ နောက်တစ်ချက်က အမြင့်တန်းမဟုတ်တဲ့ တရုတ်စပျစ်တွေရဲ့ ဈေးနှုန်းကသက်သာနေဆဲ ဖြစ်ပါတယ်" Zhangpu Yicai Fruit & Vegetable Co., Ltd. က တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် ရှင်ကျန်းပြည်နယ်တို့ရှိ စပျစ်စိုက်ခင်းများထံမှ စပျစ်များကို "Gold Brand" နှင့် "Red Brand" နှစ်မျိုးဖြင့် ဈေးကွက်သို့ တင်ပို့ပါတယ်။ ပို့ကုန်စပျစ်များအားလုံး Global GAP certified ဖြစ်ပါတယ်။

Source: Zhangpu Yicai Fruit & Vegetable Co., Ltd.

Source: https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/4711-red-grape-export.html

## ပြည်တွင်းကုန်သွယ်မှုသတင်း

### ဟိုင်းကြီးကျွန်းဒေသထွက် ငါးစည်ဖောင်းခြောက်များ ပြည်တွင်းဈေးကွက်အတွင်း အရောင်းသွက်နေ

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းဒေသမှထွက်ရှိသည့် ငါးစည်ဖောင်းခြောက်များ ဝယ်လိုအား ကောင်းပြီး ပြည်တွင်းဈေးကွက်အတွင်း အရောင်းသွက်နေကြောင်း ဟိုင်းကြီးကျွန်းဒေသရှိ ငါးခြောက်နှင့် ငါးစည်ဖောင်းခြောက် ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်အေးသင်းက ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းဒေသမှ ထွက်ရှိသောငါးစည်ဖောင်းခြောက်များကို ပင်လယ်ငါးများဖြစ်သည့် ငါးရွေ၊ နတ်ကတော်၊ ငါးရောင်၊ ငါးပုတ်သင်စသည့်ငါးများကို ဝမ်းဗိုက်ခွဲပြီး အတွင်းမှရရှိသည့် စည်ဖောင်းများကို စနစ်တကျသန့်စင် နေလှန်း အခြောက်ခံပြီး ရရှိခြင်းဖြစ်ကြောင်း၊ အဆိုပါငါးစည်ဖောင်းခြောက်များကို ပြည်တွင်းစားသောက်ဆိုင်များနှင့် ဟိုတယ်များက ဇူလိုင်လပထမပတ်မှစတင်၍ ဝယ်လိုအားရှိနေခြင်းကြောင့် အရောင်းသွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းဒေသကထွက်တဲ့ ပင်လယ်ငါးစည်ဖောင်းခြောက်ဈေးကွက်က ဒီရက်ပိုင်းအတွင်း ပြည်တွင်းဈေးကွက် မှာ သိသိသာသာဝယ်လိုအားတက်နေပါတယ်။ စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေမှာ စားသုံးသူများတော့ ဝယ်လိုအားကောင်း ပြီး အရောင်းအဝယ် တော်တော်သွက်နေပါတယ်။ ဒေသထွက် ငါးစည်ဖောင်းအထွက်နှုန်းကတော့ နည်းနေပါသေးတယ်။ ဒေသထွက် ငါးစည်ဖောင်းခြောက်တွေကို ပြည်တွင်းဈေးကွက်ရန်ကုန်သို့ အဓိကထား တင်ပို့ရောင်းချ နေတာဖြစ်ပါတယ်"ဟု ၄င်းကပြောပြသည်။

ဟိုင်းကြီးဒေသတွင် ဇူလိုင် ၁ ရက်မှ ယနေ့ (၂၁.၇.၂၀၂၂) ထိ ငါးစည်ဖောင်းခြောက်ဈေးနှုန်းမှာ ငါးရွေငါးစည်ဖောင်း ခြောက်တစ်ပိဿာလျှင် ကျပ် ၅၅၀၀၀ ၊ နတ်ကတော်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ကျပ် ၅၇၀၀၀၊ ငါးရောင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ကျပ် ၂၉၅၀၀ မှ ၂၇၀၀၀ ကျပ်၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ကျပ် ၇၅၀၀၀ ဈေးပေါက်နေကြောင်းသိရသည်။

"ယခုနှစ် ပြည်တွင်းမှာကို ငါးစည်ဖောင်းခြောက်က ဝယ်လိုအားကောင်းနေပါတယ်။ ပုသိမ်ဈေးကွက်အပြင် ရန်ကုန် ဈေးကွက်ကို အဓိကထားတင်ပို့ပေးနေရပါတယ်"ဟု ဟိုင်းကြီးကျွန်းဒေသမှ ပင်လယ်ငါးစည်ဖောင်းခြောက် ကုန်သည် ကိုမင်းမင်းလတ်ကပြောပြသည်။

Source: ရတနာပုံသတင်းစာ

## ပြည်ပကုန်သွယ်မှုသတင်း

### ပြည်ပဈေးကွက်ရှိလာသောကြောင့် "ဝ" ဥကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်သူများပြားလာ

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ရှိ ကျေးရွာများ၌ ပြည်ပဈေးကွက်ရှိလာသောကြောင့် ဒေသခံ တောင်သူများ ကြားသီးနှံအဖြစ် "ဝ" ဥကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်သူ ပိုမိုများပြားလာကြောင်း ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရ သည်။

ယခင်က ပြည်တွင်း၌ စားသုံးသည့်အနေအထားလောက်သာ ဈေးကွက်ရှိသည့်အတွက်ကြောင့် "ဝ" ဥ စိုက်ပျိုးသူ နည်းပါးခဲ့သော်လည်း ယခုအခါ ပြည်ပဈေးကွက်ရှိလာပြီး ဝယ်ယူလာသည့်အတွက် ဒေသခံတောင်သူများက မိမိတို့ ဥယျာဉ်ခြံနှင့် ရော်ဘာစိုက်ခင်းများတွင် ကြားသီးနှံအဖြစ် "ဝ" ဥစိုက်ပျိုးခြင်းလုပ်ငန်းကို စီးပွားဖြစ် မိသားစုဝင်ငွေတိုးပွား ရရှိရေး လုပ်ငန်းတစ်ခုအနေဖြင့် စိုက်ပျိုးလုပ်ကိုင်လာကြသည်။

"ကျွန်တော်တို့မြို့က ရွာတွေမှာ လွန်ခဲ့တဲ့နှစ်နှစ်ခန့်က "ဝ"ဥကို စတင်စိုက်ပျိုးလာခဲ့ပါတယ်။ ပြည်တွင်းဈေးကွက် တွင်းမှာပဲရောင်းချခဲ့ရာကနေ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းကစပြီး ပြည်ပကနေ ဈေးကောင်းပေးဝယ်ယူလာတော့ တောင်သူတွေ စိတ်ဝင်စားမှုများပြားလာပါတယ်။ ဒါကြောင့် အခုနှစ်မှာ ကြားသီးနှံအနေနဲ့ စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလုပ်ကိုင်လာကြပါတယ်။ ဒီလိုတိုးချဲ့စိုက်ပျိုးခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်း ပိုပေးနိုင်ပြီး ခြံများမှာ ကြားသီးနှံစိုက်ခြင်းဖြင့် ပေါင်းမြက်တွေလည်း ရှင်းစေပါတယ်"ဟု ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသော်ဇင်ထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် "ဝ"ဥကို လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်ခန့်က ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်း ပြည်တွင်းစားကုန်တစ်ခုအနေဖြင့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၂၀-၂၀၂၁ ခုနှစ်မှ စတင်စိုက်ပျိုးလာခဲ့ရာ ယခုအခါ "ဝ"ဥစိုက်ပျိုးခြင်းကို တောင်သူများက

စီးပွားဖြစ်ဝင်ငွေတိုးပွားစေရေးလုပ်ငန်းတစ်ခုအနေဖြင့် မိမိတို့ ဥယျာဉ် ခြံမြေနှင့် ရော်ဘာစိုက်ခင်းများတွင် ကြားသီးနှံအဖြစ် တိုးချဲ့လုပ်ကိုင်လာကြကြောင်း သိရသည်။

"ဝ ဥကို မေ၊ ဇွန်လတွေမှာ စတင်စိုက်ပျိုးပြီး နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာ ရိတ်သိမ်းရပါတယ်။ စိုက်တဲ့ အခါမှာ ကျင်း၊ ပေါင်၊ အိတ် စတဲ့စနစ်တွေနဲ့ စိုက်ပျိုးလို့ရတယ်။ တစ်လခွဲ နှစ်လခွဲခန့်အကြာမှာ ပေါင်းရှင်းပြီး သဘာဝမြေဩဇာထည့်သွင်းပြီး မြေအုပ်ပေးရတယ်။ တစ်ဧကကုန်ကျစရိတ်က ငွေကျပ်သိန်း ၅၀ ခန့်ရှိပါ တယ်။ ရိတ်သိမ်းရောင်းချပြီးရင်တော့ တစ်ဧကကို ငွေကျပ် သိန်း ၈၀၊ ၁၀၀ ခန့်ရရှိပါတယ်။ ပြည်ပဈေးကွက်က တစ်ပိဿာ ကျပ် ၂၀၀၀ ကျော်ခန့်ရှိတယ်။ ပြည်တွင်းဈေးကွက် တွင်းမှာတော့ တစ်ပိဿာအစိုဈေးက ကျပ် ၁၈၀၀ ၊ ၂၀၀၀ ရှိပါတယ်"ဟု ၄င်းကဆက်လက် ပြောကြား သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း "ဝ"ဥစိုက်ဧကမှာ ယခင်နှစ်က ၃၇၁ ဧကစိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၄၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ရေဖြူ၊ ထားဝယ်၊ သရက်ချောင်း၊ ပုလော၊ မြိတ်၊ ကျွန်းစု၊ တနင်္သာရီ၊ ဘုတ်ပြင်း စသည့်မြို့နယ်တို့နှင့် ကလိန်အောင်၊ ပလောက်မြို့တို့မှ ဒေသခံတောင်သူများက "ဝ"ဥစိုက်ပျိုးခြင်းကို ကြားသီးနှံ အဖြစ် တိုးချဲ့စိုက်ပျိုးလျက်ရှ ိကြောင်း သိရသည်။

"ဝ" ဥစိုက်တာ အရင်းအနှီးများသော်လည်း အကျိုးအမြတ်များတယ်။ ပြည်ပဈေးကွက်ရှိလာတာကြောင့် တောင်သူတွေ ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ပါတယ်။ စိုက်ဧကများလာစေချင်တာက ထုတ်ကုန်များရင် ကုန်ချော ထုတ်လုပ်ဖို့ ပိုအစဉ်ပြေလာမှာ ဖြစ်ပါတယ်"ဟု ပလောက်မြို့ အမှတ် (၂) ရပ်ကွက်နေ တောင်သူဦးတွတ်နီက ပြောကြားသည်။

"ဝ" ဥမှထွက်ရှိသော စားသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် တိရစ္ဆာန်အစာအမျိုးမျိုးတို့ကို ထုတ်လုပ်လျက် ရှိကြောင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် "ဝ"ဥမျိုးကွဲ ၈၀ ခန့်ရှိပြီး တောင်အမေရိကတိုက်၊ အာဖရိက၊ အရှေ့တောင်အာရှနှင့် အင်ဒိုချိုင်းနား ကျွန်းဆွယ်တို့တွင် "ဝ"ကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်း စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် "ဝ" ဥကို ပြည်တွင်းစားသုံးမှုအပြင် ပြည်ပပို့ကုန်အနေဖြင့် "ဝ" ဥကို အခြောက်ခံ (ပါးပါးလှီး အခြောက်ခံ) အမှုန့်ကြိတ်ပြီး (ခေါက်ဆွဲလုပ်ရန်) တရုတ်၊ ဂျပန်၊ ထိုင်းနိုင်ငံသို့ အဓိက တင်ပို့နေသည့် အပြင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား စသည့်နိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

Source: ကြေးမုံသတင်းစာ

## နို့နှင့် နို့ထွက်ပစ္စည်းများ၊ အသားနှင့် အသားထွက်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် စနစ်တကျထုပ်ပိုးပြီး ပြည်ပသို့တင်ပို့မည်

မြန်မာနိုင်ငံမှထွက်ရှိသည့် နို့နှင့် နို့ထွက်ပစ္စည်းများ၊ အသားနှင့် အသားထွက်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်များ အဖြစ် စနစ်တကျထုပ်ပိုးပြီး ပြည်ပသို့တင်ပို့သွားမည်းဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်(ဗဟို)မှ ဗဟို အလုပ်အမှုဆောင် ဒေါက်တာမြင့်လွင်ထံမှ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် နို့နှင့် နို့ထွက်ပစ္စည်းများကို နယ်စပ်ဂိတ်များမှ အနည်းငယ်သာ တင်ပို့လျက်ရှိသော်လည်း ယခုအခါ နို့နှင့် နို့ထွက်ပစ္စည်းများ၊ အသားနှင့် အသားထွက်ပစ္စည်းများကို ပြည်ပမှ ဝယ်ယူရန် ကမ်းလှမ်းနေသည့်အတွက် တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် စနစ်တကျထုပ်ပိုးပြီးတင်ပို့ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"နို့နှင့် နို့ထွက်ပစ္စည်းက ပြည်ပကို နယ်စပ်ဒေသတချို့မှာရှိတဲ့သူတွေက တင်ပို့တာလောက်ပဲ ရှိသေးတယ်။ အများကြီး မရှိသေးပါဘူး။ နို့ထွက်ပစ္စည်းက ကျွန်တော်တို့နိုင်ငံမှာတောင် စားသုံးဖို့မလောက် သေးပါဘူး။ အသားနဲ့ အသားထွက်ပစ္စည်း ကလည်း အေးခဲအသားလောက်ပဲရှိပါသေးတယ်။ လိုအပ်တာကတော့ စနစ်တကျမွေးမြူဖို့ပါ။ ထုတ်လုပ်တဲ့နေရာမှာလည်း စနစ်တကျနဲ့ သန့်သန့်ရှင်းရှင်း ဘေးအန္တရာယ်ကင်းရမယ်။ အနည်းဆုံးတော့ International Certificate တွေရအောင် လုပ်ထားမှ တစ်ဖက်ကလဲ လက်ခံနိုင်မယ်။ အခုဆိုရင် မြန်မာ့နို့ထွက်ပစ္စည်းတွေအတွက် ပြည်ပကဝယ်ယူဖို့ ကမ်းလှမ်းမှုတွေ ရှိနေပါတယ်။ အထူးသဖြင့် ထောပတ်ဆီတို့၊ ထောပတ်တို့ကို လိုချင်တယ်လို့ကမ်းလှမ်းနေပါတယ်။ လက်ရှိကတော့ ထုတ်လုပ်တင်ပို့မဲ့ လုပ်ငန်းတွေအတွက် International Certificate ရှိဖို့လိုအပ်တယ်လို့ ထည့်သွင်းကမ်းလှမ်းမှုတွေရှိတဲ့ အတွက် ပြင်ဆင်မှုတွေလုပ်နေပါတယ်" ဟု ဒေါက်တာမြင့်လွင့်က ပြောပြသည်။

လက်ရှိတွင် ပြည်တွင်းစားသောက်ကုန်လုပ်ငန်း အများစုအတွက် နို့နှင့် နို့ထွက်ပစ္စည်းကို တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ သန်း ၅၀ ဖိုးခန့် ပြည်ပမှ တင်သွင်းနေရသည့်အတွက် ပြင်ဦးလွင်ဒေသကို နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ကုန်ချောထုတ်လုပ်သည့်ဒေသအဖြစ် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## အိန္ဒိယနိုင်ငံရှိ ပို့ကုန်လုပ်ငန်းရှင်များနှင့် နိုင်ငံခြားဝယ်လက်များကို ချိတ်ဆက်ပေးမည့် B2B ဒီဂျစ်တယ်ဈေးကွက် (သို့မဟုတ်) The Indian Business Portal

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ အိန္ဒိယပို့ကုန်အဖွဲ့အစည်း (FIEO) သည် ၂၀၂၂ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် The Indian Business Portal (https://www.indian businessportal.in/) ကို လွှင့်တင်ခဲ့ပါသည်။ အဆိုပါ Portal သည် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များကို နိုင်ငံခြားဝယ်လက်များနှင့် ချိတ်ဆက်ပေးသည့် B2B စီးပွားရေးပလက်ဖောင်းတစ်ခု ဖြစ်ပြီး အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၊ လက်မှုပညာရှင်များနှင့် လယ်သမားများအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များအတွက် ဈေးကွက်အသစ်များကို ရှာဖွေဖော်ထုတ်နိုင်ပြီး ကမ္ဘာတစ်ဝန်းရောင်းအားကို တိုးတက်စေရန်ရည်ရွယ်၍ လွှင့်တင်ထားခြင်းဖြစ်ပါသည်။ အဆိုပါ Portal ကို အိန္ဒိယပို့ကုန်အဖွဲ့အစည်းနှင့် GlobalLinker တို့ ပူးပေါင်းကာ ဒီဇိုင်း ထုတ်ထားခြင်းဖြစ်ပြီး၊ နိုင်ငံအတွင်းရှိ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာလုပ်ငန်းများကို မြှင့်တင်ပေးရန်နှင့် "အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်သည်" ဟူသော ပို့ကုန်ဦးစားပေးထုတ်လုပ်မှုများ အရှိန်မြှင့်ဆောင်ရွက်ရန်အတွက် အိန္ဒိယအစိုးရ၏ ကြိုးစား အားထုတ်မှုအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ထို့ပြင် ကုန်သွယ်မှုဆောင်ရွက်သူများအတွက် လုပ်ငန်းစဉ်များ ရိုးရှင်းလွယ်ကူ စေရန်၊ သက်ဆိုင်ရာအစိုးရဌာနများအကြား အွန်လိုင်းမှတစ်ဆင့် သတင်းအချက်အလက်ဖလှယ်မှုများ လွယ်ကူချောမွေ့စေရန်၊ အချက်အလက်များထုတ်ပေးရန်နှင့် ဒီဂျစ်တယ်ငွေပေးချေမှုများ ပြုလုပ်နိုင်ရန်တို့အတွက် အိန္ဒိယအစိုးရအနေဖြင့် အာရုံစိုက် ဆောင်ရွက်နေသည့် Paperless and automated processing systems အတွက် ရလဒ်တစ်ခုလည်းဖြစ်ပါသည်။

**အိန္ဒိယပို့ကုန်အဖွဲ့အစည်း(FIEO)**

အိန္ဒိယပို့ကုန်အဖွဲ့အစည်းသည် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်တွင်ရှိပြီး နိုင်ငံခြားဈေးကွက်ကို ထိုးဖောက်တင်ပို့နေကြသော အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များကိုကိုယ်စားပြုပါသည်။ ထို့ပြင်အိန္ဒိယပို့ကုန် အဖွဲ့အစည်းသည် အစိုးရအသိအမှတ်ပြု ပို့ကုန်မြှင့်တင်ရေးကောင်စီ (EPCs) ၏ အဆင့်အမြင့်ဆုံးအဖွဲ့ဖြစ်ပြီး အိန္ဒိယကုန်သည် များနှင့် ဗဟို/ပြည်နယ် အစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဆိပ်ကမ်းများ၊ ရထားလမ်းများနှင့် ပို့ကုန်တင်ပို့မှုလွယ်ကူချောမွေ့စေရေးနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်ပေးလျက် ရှိပြီး အိန္ဒိယနိုင်ငံရှိ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုကဏ္ဍများမှ ပို့ကုန်လုပ်ငန်းရှင်ပေါင်း ၂၀၀,၀၀၀ ကျော်၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးလျက်ရှိသည်။

**အိန္ဒိယနိုင်ငံ၏ ပို့ကုန်တင်ပို့မှုတိုးတက်စေရေး အရှိန်အဟုန်မြှင့်တင်ရန် ရည်မှန်းချက်**

The Indian Business Portal တည်ထောင်ခြင်းသည် ပို့ကုန်တင်ပို့မှု ကျယ်ပြန့်လာစေရန်အတွက် တွန်းအားပေး ဆောင်ရွက်နေသော အိန္ဒိယအစိုးရ၏ ဆောင်ရွက်ချက်များနှင့်လည်း ကိုက်ညီမှုရှိပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံသည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို စံချိန်တင် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၇၆ ဒသမ ၂ ဘီလီယံ ရရှိခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၏ စုစုပေါင်း ပို့ကုန်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၂၆ ဒသမ ၆ ဘီလီယံနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၄၉၇ ဒသမ ၉ ဘီလီယံ ရှိခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ကုန်စည်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၂၁ ဒသမ ၈ ဘီလီယံရောက်ရှိခဲ့ပြီး ဘဏ္ဍာနှစ်အလိုက် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထက် ၃၄ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထက် ၄၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း အဓိကကုန်စည်တင်ပို့မှုများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ရေနံထုတ်ကုန် ၁၅၂ ဒသမ ၁ ရာခိုင်နှုန်း ၊ ချည်ခင်၊ ရက်ကန်း ထည်များအစရှိသဖြင့် ၅၅ ဒသမ ၁ ရာခိုင်နှုန်း၊ အစေ့အဆံ ၅၂ ဒသမ ၂ ရာခိုင်နှုန်း ၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာ ၄၉ ဒသမ ၆ ရာခိုင်နှုန်း ၊ လက်လုပ်ချည်ခင်၊ အထည် အစရှိသဖြင့် ၄၆ ဒသမ ၉ ရာခိုင်နှုန်း၊ အင်ဂျင်နီယာသုံးပစ္စည်းများ ၄၅ ဒသမ ၅ ရာခိုင်နှုန်း၊ ကော်ဖီ ၄၉ ရာခိုင်နှုန်း၊ အီလက်ထရောနစ်ပစ္စည်း ၄၀ ဒသမ ၅ ရာခိုင်နှုန်း၊ ဂုန်လျှော်နှင့် ဂုန်လျှော်ကော်ဇော ၃၆ ဒသမ ၂ ရာခိုင်နှုန်း၊ သားရေနှင့် သားရေထုတ်လုပ်ခြင်း ၃၂ ဒသမ ၂ ရာခိုင်နှုန်း ၊ အော်ဂဲနစ်နှင့် အင်အော်ဂဲနစ်ဓာတု ပစ္စည်းများ ၃၂ ရာခိုင်နှုန်း ၊ ပလတ်စတစ်နှင့် ဖယောင်းပုဆိုး ၃၁ ဒသမ ၁ ရာခိုင်နှုန်း ၊ ရေထွက်ကုန် ၃၀ ရာခိုင်နှုန်း ၊ အသင့်သုံးအထည်အလိပ်များ ၂၉ ဒသမ ၉ ရာခိုင်နှုန်း ၊ လက်မှုပညာပစ္စည်းများ (လက်လုပ်ကော်ဇောမပါ) ၂၂ ရာခိုင်နှုန်း၊ အစေ့အဆံဖြင့် ပြုလုပ်ထားသော အစားအသောက်များနှင့် ပြုပြင်ထုတ်လုပ်ထားသော စားသောက်ကုန်အမျိုးမျိုး ၂၁ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာပါသည်။

အိန္ဒိယနိုင်ငံ၏ ပို့ကုန်တင်ပို့မှုကို လေ့လာပါက ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဈေးကွက်အသစ်များသို့ ကုန်စည်တင်ပို့မှု တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း နိုင်ငံအလိုက်တင်ပို့မှုများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက အမေရိကန် ၄၆ ဒသမ ၄ ရာခိုင်နှုန်း ၊ ယူအေအီး ၆၆ ဒသမ ၉ ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ် ၆၄ ဒသမ

၅ ရာခိုင်နှုန်း၊ နယ်သာလန် ၉၀ ဒသမ ၅ ရာခိုင်နှုန်း၊ စင်ကာပူ ၂၆ ဒသမ ၈ ရာခိုင်နှုန်း၊ ဟောင်ကောင် ၇ ဒသမ ၈ ရာခိုင်နှုန်း၊ ယူကေ ၂၈ ရာခိုင်နှုန်း၊ ဘယ်ဂျီယံ ၉၀ ဒသမ ၄ ရာခိုင်နှုန်းနှင့် ဂျာမနီ ၂၁ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်လာပါသည်။

အမေရိကန်နိုင်ငံသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံဖြစ်လာပြီး အိန္ဒိယနိုင်ငံ၏ ပို့ကုန်ပမာဏသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၆၂ ဘီလီယံရှိရာမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၁၁ ဘီလီယံ တိုးတက်ရရှိခဲ့ပါသည်။ အိန္ဒိယနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုတိုးတက်လာသည့်အတွက် ဖြစ်တောင့်ဖြစ်ခဲ ကုန်သွယ်မှုပိုငွေများရရှိလျက်ရှိရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၈ ဘီလီယံရရှိခဲ့ပါသည်။ The Indian Business Portal ၏ အဓိက ရည်ရွယ်ချက်များမှာ အိန္ဒိယနိုင်ငံ၏ ပို့ကုန်လုပ်ငန်းရှင်များကို ဒီဂျစ်တယ်ပုံစံဖြင့် အွန်လိုင်းတွင် ရှာဖွေတွေ့ရှိနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊ အိန္ဒိယနိုင်ငံရှိ ပြည်နယ်အားလုံး၏ ပို့ကုန်မြှင့်တင်ပေးခြင်း၊ ထုတ်ကုန်နှင့်ဝန်ဆောင်မှုအမျိုးမျိုးကို ပြသခြင်း၊ ဝယ်သူများနှင့်ရောင်းသူများအကြား Virtual အစည်းအဝေးများ ပြုလုပ်နိုင်ရန် အားပေးခြင်းနှင့် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များ၏ ယုံကြည်စိတ်ချရသောကွန်ရက်တစ်ခုကို နိုင်ငံခြားဝယ်လက်များထံသို့ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးရန်ဖြစ်သည်။

**The Indian Business Portal ၏ အဓိက လုပ်ငန်းတာဝန်များ**

အိန္ဒိယပို့ကုန်အဖွဲ့အစည်းသည် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် လက်မှုပညာရှင်များ၏ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကို ကမ္ဘာတစ်ဝန်းအရောင်းမြှင့်တင်ရန်အတွက် အကူအညီပေးနိုင်ရန် ဈေးကွက်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်သည်။ ရောင်းသူနှင့်ဝယ်သူအကြား အစည်းအဝေးများကျင်းပနိုင်ရန် ဆောင်ရွက်ပေးခြင်းနှင့် နိုင်ငံရပ်ခြားမှ စားသုံးသူများအနေဖြင့် ပမာဏအနည်းငယ်သာရောင်းချရန် ကမ်းလှမ်းထားသော လက်မှုပညာရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များထံတွင် တိုက်ရိုက်ဝယ်ယူနိုင်ရန်အတွက် ပံ့ပိုးကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ အိန္ဒိယလက်မှုပညာရှင်များ၊ လယ်သမားများ၊ ထုတ်လုပ်သူများသည် အိန္ဒိယပထဝီဒေသဆိုင်ရာအညွှန်း အမျိုးအစားပေါင်း ၃၇၀ ကျော်ကို ရောင်းဝယ်ဖောက် ကားလျက်ရှိရာ Portal တွင် ၎င်းတို့၏ ကုန်ပစ္စည်းကတ်တလော့များကို ဒီဂျစ်တယ်ပုံစံပြောင်းပေးခြင်းနှင့် ထူးခြားသောကမ်းလှမ်းချက်များကို ပြသပေးထားပါသည်။ ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့အစည်း (WIPO) ၏ အဆိုအရ ပထဝီဒေသဆိုင်ရာအညွှန်းသင်္ကေတများသည် ထုတ်ကုန်များတွင် တိကျသော ပထဝီဆိုင်ရာဇာစ်မြစ်ဒေသရှိခြင်းနှင့် ထိုဇာစ်မြစ်ဒေသကို အစွဲပြု၍ နာမည်ကြီးခြင်း သို့မဟုတ် အရည်အသွေးများရှိခြင်းကို ရည်ညွှန်းပါသည်။

**The Indian Business Portal ၏ စွမ်းဆောင်နိုင်မှု**

The Indian Business Portal သည် အိန္ဒိယနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားပြီး ပို့ကုန်လုပ်ငန်းရှင်များတွက် ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားနိုင်သည့် ပလက်ဖောင်းတစ်ခုဖြစ်သည်။ ထို့ကြောင့်သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သွယ်မှု ကွင်းဆက်တစ်ခုလုံးရှိ သက်ဆိုင်သူများအားလုံးကို အဆိုပါ Portal ၏ ဒီဂျစ်တယ်ဂေဟာစနစ်အောက်တွင် ပေါင်းစုဖွဲ့ထားပါသည်။ Portal ကို အသုံးပြုသူများအနေဖြင့် ထုတ်ကုန်များ၏ ပေါက်ဈေးကို သိရှိနိုင်မည်ဖြစ်ပြီး ထုတ်ကုန်ပစ္စည်းစာရင်းများကိုလည်း အလွယ်တကူရှာ ဖွေနိုင်မည်ဖြစ်သည်။ Portal ရှိ Search Function တွင် ထုတ်ကုန်များ၊ ဖြန့်ဖြူးသူအမည်များနှင့် ITC-HSN များကို ရှာဖွေနိုင်မည်ဖြစ်သည်။ Portal တွင် ထုတ်ကုန်များ၏ ဈေးနှုန်းများကို ဖော်ပြရာ၌ အိန္ဒိယနိုင်ငံတွင် ရောင်းချသော ထုတ်ကုန်၏ဈေးနှုန်းနှင့် ကိုက်ညီသည့် နိုင်ငံခြားငွေကြေးဈေးနှုန်းများကို ဖော်ပြထားပါသည်။ ထုတ်ကုန်၏ အမှန်တကယ်ဈေးနှုန်းသည် ဝယ်ယူစဉ်တွင် ဖြစ်ပေါ်နေသော ငွေလဲလှယ်နှုန်း၊ ဝယ်ယူသူအသုံးပြုသည့်ဘဏ်၏ ငွေကြေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများအပေါ်တွင် မူတည်၍ Portal တွင် ဖော်ပြထားသော ဈေးနှုန်းနှင့် ကွာခြားမှုရှိနိုင်ပါသည်။ The Indian Business Portal မိတ်ဆက်လွှင့်တင်ချိန်တွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း ၂၀၀၀ ကျော် ပူးပေါင်းပါဝင်ခဲ့ကြပြီး ၎င်းတို့၏ထုတ်ကုန်နှင့်ဝန်ဆောင်မှုပေါင်း ၄၀၀၀၀ ကျော်ပါဝင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် The Indian Business Portal ၌ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းပေါင်း ၁၄၀၀၀ ကျော် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

Ref:www.india-briefing.com

Source: မေအောင်လိန်း (MYANTRADE)

# ကုန်သွယ်မှုအခြေအနေ

## ၂၀၂၂၊ ဇူလိုင်လ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 101,819,158.734 | 636.821 | | 1 | ရေနံထွက်ပစ္စည်းများ | 421.698 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 19,645,450.002 | 204.383 | | 2 | ချည်ထည်များ | 117.454 |
| 3 | ငါး | မတန် | 24,101.126 | 28.060 | | 3 | စားအုန်းဆီ | 67.964 |
| 4 | ဆန် | မတန် | 68,340.250 | 26.413 | | 4 | ဓါတ်မြေသြဇာများ | 60.874 |
| 5 | မတ်ပဲ | မတန် | 29,641.992 | 25.558 | | 5 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 48.712 |
| 6 | ပဲတီစိမ်း | မတန် | 29,958.381 | 24.155 | | 6 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 41.390 |
| 7 | ပြောင်း | မတန် | 59,780.250 | 20.697 | | 7 | စက်နှင့်စက်ပစ္စည်းများ | 39.203 |
| 8 | ရာဘာစိမ်း | မတန် | 12,877.380 | 18.588 | | 8 | ဓါတုဗေဒပစ္စည်းများ | 38.153 |
| 9 | နှမ်း | မတန် | 10,103.976 | 12.941 | | 9 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 33.628 |
| 10 | ဆန်ကွဲ | မတန် | 27,365.800 | 9.245 | | 10 | ဆေးဝါးပစ္စည်းများ | 28.633 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၂၉-၇-၂၀၂၂ ) ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၉--၇-၂၀၂၁ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 1274.412 | 1290.590 | -16.178 |
| ၂ | တိရိစ္ဆာန်ထွက် | 14.598 | 2.071 | 12.527 |
| ၃ | ရေထွက် | 196.279 | 194.998 | 1.281 |
| ၄ | သတ္တုတွင်းထွက် | 126.787 | 249.270 | -122.483 |
| ၅ | သစ်တောထွက် | 56.912 | 41.204 | 15.708 |
| ၆ | စက်မှုကုန်ချော | 3676.671 | 2327.992 | 1348.679 |
| ၇ | အခြား | 153.033 | 233.547 | -80.514 |
| | **စုစုပေါင်း** | **5498.692** | **4339.672** | **1159.020** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၂၉--၇-၂၀၂၂)ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၉--၇-၂၀၂၁ )ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြုပ်နှံမှုကုန်ပစ္စည်း | 1000.674 | 1249.939 | -249.265 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 2464.616 | 1663.583 | 801.033 |
| ၃ | လူသုံးကုန်ပစ္စည်း | 1079.161 | 1045.870 | 33.291 |
| ၄ | CMP | 977.066 | 461.651 | 515.415 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **5521.517** | **4421.043** | **1100.474** |

# ကုန်စည်ဒိုင် ဈေးနှုန်းများ

## ၂၀၂၂၊ ဇူလိုင်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၂-၈-၂၀၂၂) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စ | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | – | 50000–51000 |
| မြောင်းမြ | – | 55000–56000 |
| ဒေးဒရဲ | – | 50000–51000 |
| ဝါးခယ်မ | 31000–31500 | 48000–49000 |
| ဘိုကလေး | 30800–31300 | 49000–50000 |
| မော်ကျွန်း | 30800–31300 | 49000–50000 |
| လပွတ္တာ | – | 51000–52000 |
| ကျိုက်လတ် | 31000–31500 | 49000–50000 |
| ဘုရင့်နောင် | 31000–31200 | 65000–75000 (ရွှေဘို) |

**Source: MRF**

## ၂၀၂၂၊ ဇူလိုင်လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွံနီ(ရှယ်)(သစ်) | | | ညှော့မထ | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.7.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 2 | 4.7.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 3 | 5.7.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 4 | 6.7.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 5 | 7.7.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 6 | 8.7.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 7 | 11.7.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32000 | 31800 | 31500 | 33000 | 32000 | 31500 |
| 8 | 13.7.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32000 | 31800 | 31500 | 33000 | 32000 | 31500 |
| 9 | 14.7.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32000 | 31800 | 31500 | 33000 | 32000 | 31500 |
| 10 | 15.7.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32000 | 31800 | 31500 | 33000 | 32000 | 31500 |
| 11 | 18.7.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32000 | 31500 | 31000 | 35000 | 34000 | 33000 |
| 12 | 20.7.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32000 | 31500 | 31000 | 35000 | 34000 | 33000 |
| 13 | 21.7.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32000 | 31500 | 31000 | 35000 | 34000 | 33000 |
| 14 | 22.7.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32000 | 31500 | 31000 | 35000 | 34000 | 33000 |
| 15 | 25.7.2022 | 52000 | 51000 | 50000 | 42500 | 41500 | 40500 | 32000 | 31500 | 31000 | 35000 | 34000 | 33000 |
| 16 | 26.7.2022 | 52000 | 51000 | 50000 | 42500 | 41500 | 40500 | 32000 | 31500 | 31000 | 35000 | 34000 | 33000 |
| 17 | 27.7.2022 | 52000 | 51000 | 50000 | 42500 | 41500 | 40500 | 32000 | 31500 | 31000 | 35000 | 34000 | 33000 |
| 18 | 28.7.2022 | 52000 | 51000 | 50000 | 42500 | 41500 | 40500 | 32000 | 31500 | 31000 | 35000 | 34000 | 33000 |
| 19 | 29.7.2022 | 52000 | 51000 | 50000 | 42500 | 41500 | 40500 | 32000 | 31500 | 31000 | 35000 | 34000 | 33000 |

Source: Myanmar Rice

## ၂၀၂၂၊ ဇူလိုင်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2022 | 2022 | | | | |
| 1 | 1.7.2022 | 1695000 | 1497500 | 126500–1359500 | 1580000–1635100 | 1580000–1684100 | 1543200–1653500 |
| 2 | 4.7.2022 | 1707500 | 1490000 | 1580000 | 1580000–1635100 | 1580000–1684100 | 1543200–1653500 |
| 3 | 5.7.2022 | 1671500 | 1469000 | 1580000 | 1580000–1635100 | 1580000–1684100 | 1543200–1653500 |
| 4 | 6.7.2022 | 1675000 | 1465000 | 1580000 | 1580000–1635100 | 1580000–1684100 | 1543200–1653500 |
| 5 | 7.7.2022 | 1650000 | 1465000 | 1580000 | 1580000–1635100 | 1580000–1684100 | 1543200–1653500 |
| 6 | 8.7.2022 | 1627500 | 1470000 | 1580000 | 1580000–1635100 | 1580000–1684100 | 1543200–1653500 |
| 7 | 11.7.2022 | 1595000 | 1475000 | 1531000–1583000 | 1632000–1736100 | 1632000–1684100 | 1543200–1653500 |
| 8 | 13.7.2022 | 1579000 | 1477500 | 1531000–1583000 | 1632000–1736100 | 1632000–1684100 | 1543200–1653500 |
| 9 | 14.7.2022 | 1583500 | 1467500 | 1531000–1583000 | 1632000–1736100 | 1632000–1684100 | 1543200–1653500 |
| 10 | 15.7.2022 | 1537500 | 1425000 | 1531000–1583000 | 1632000–1736100 | 1632000–1684100 | 1543200–1653500 |
| 11 | 18.7.2022 | 1582500 | 1462500 | 1531000–1583000 | 1632000–1736100 | 1632000–1684100 | 1543200–1598300 |
| 12 | 20.7.2022 | 1670000 | 1490000 | 1531000–1583000 | 1632000–1684100 | 1632000–1684100 | 1543200–1598300 |
| 13 | 21.7.2022 | 1630000 | 1487500 | 1531000–1583000 | 1632000–1684100 | 1632000–1684100 | 1543200–1598300 |
| 14 | 22.7.2022 | 1610000 | 1477500 | 1531000–1583000 | 1632000–1684100 | 1632000–1684100 | 1543200–1598300 |
| 15 | 25.7.2022 | 1636000 | 1505000 | 1531000–1583000 | 1632000–1684100 | 1632000–1684100 | 1543200–1598300 |
| 16 | 26.7.2022 | 1630000 | 1487500 | 1531000–1583000 | 1632000–1684100 | 1632000–1684100 | 1543200–1598300 |
| 17 | 27.7.2022 | 1643000 | 1495000 | 1531000–1583000 | 1632000–1684100 | 1632000–1684100 | 1543200–1598300 |
| 18 | 28.7.2022 | 1645000 | 1485000 | 1580000–1635100 | 1632000–1684100 | 1632000–1736100 | 1436100–1598300 |
| 19 | 29.7.2022 | 1660000 | 1517000 | 1580000–1635100 | 1632000–1684100 | 1632000–1736100 | 1436100–1598300 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ဇူလိုင်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျင်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်)(အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.7.2022 | 2599600–2709800 | 1224800–1255400 | 1120700–1206400 | 1580000–1635100 | 600100–612400 |
| 2 | 4.7.2022 | 2599600–2709800 | 1224800–1255400 | 1120700–1206400 | 1580000–1635100 | 600100–612400 |
| 3 | 5.7.2022 | 2599600–2709800 | 1224800–1255400 | 1120700–1206400 | 1580000–1635100 | 600100–612400 |
| 4 | 6.7.2022 | 2599600–2709800 | 1224800–1255400 | 1120700–1206400 | 1580000–1635100 | 600100–612400 |
| 5 | 7.7.2022 | 2599600–2709800 | 1224800–1255400 | 1120700–1206400 | 1580000–1635100 | 594000–606300 |
| 6 | 8.7.2022 | 2599600–2709800 | 1224800–1255400 | 1120700–1206400 | 1580000–1635100 | 594000–606300 |
| 7 | 11.7.2022 | 2599600–2709800 | 1224800–1255400 | 1120700–1206400 | 1580000–1635100 | 575600–587900 |
| 8 | 13.7.2022 | 2599600–2709800 | 1172700–1255400 | 1120700–1206400 | 1580000–1635100 | 575600–587900 |
| 9 | 14.7.2022 | 2599600–2709800 | 1172700–1255400 | 1120700–1206400 | 1580000–1635100 | 551200–563400 |
| 10 | 15.7.2022 | 2599600–2709800 | 1172700–1255400 | 1120700–1206400 | 1580000–1635100 | 551200–563400 |
| 11 | 18.7.2022 | 2599600–2709800 | 1172700–1255400 | 1120700–1206400 | 1580000–1635100 | 520500–532800 |
| 12 | 20.7.2022 | 2599600–2709800 | 1172700–1255400 | 1120700–1206400 | 1580000–1635100 | 520500–532800 |
| 13 | 21.7.2022 | 2599600–2709800 | 1172700–1255400 | 1120700–1206400 | 1580000–1635100 | 508300–520500 |
| 14 | 22.7.2022 | 2599600–2709800 | 1172700–1255400 | 1120700–1206400 | 1580000–1635100 | 508300–520500 |
| 15 | 25.7.2022 | 2599600–2709800 | 1172700–1255400 | 1120700–1206400 | 1580000–1635100 | 489900–502200 |
| 16 | 26.7.2022 | 2599600–2709800 | 1172700–1255400 | 1120700–1206400 | 1580000–1635100 | 489900–502200 |
| 17 | 27.7.2022 | 2599600–2709800 | 1172700–1255400 | 1120700–1206400 | 1580000–1635100 | 489900–502200 |
| 18 | 28.7.2022 | 2599600–2709800 | 1172700–1255400 | 1120700–1206400 | 1580000–1635100 | 489900–502200 |
| 19 | 29.7.2022 | 2599600–2709800 | 1172700–1224800 | 1120700–1206400 | 1580000–1635100 | 489900–502200 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 1.7.2022 | 1804 | 1808 | 2068000 | N/A |
| 2 | 4.7.2022 | 1814 | 1819 | 2070000 | 2069000 |
| 3 | 5.7.2022 | 1813 | 1816 | 2066000 | N/A |
| 4 | 6.7.2022 | 1774 | 1776 | 2058000 | 2057000 |
| 5 | 7.7.2022 | 1749 | 1752 | N/A | N/A |
| 6 | 8.7.2022 | 1747 | 1749 | N/A | N/A |
| 7 | 11.7.2022 | 1850 | 1811 | N/A | N/A |
| 8 | 13.7.2022 | 1730 | 1733 | N/A | N/A |
| 9 | 14.7.2022 | 1734 | 1737 | 2058000 | 2058000 |
| 10 | 15.7.2022 | 1711 | 1715 | N/A | N/A |
| 11 | 18.7.2022 | 1718 | 1721 | N/A | N/A |
| 12 | 20.7.2022 | 1715 | 1718 | N/A | N/A |
| 13 | 21.7.2022 | 1695 | 1698 | N/A | N/A |
| 14 | 22.7.2022 | 1716 | 1718 | N/A | N/A |
| 15 | 25.7.2022 | 1728 | 1734 | N/A | N/A |
| 16 | 26.7.2022 | 1768 | 1730 | N/A | N/A |
| 17 | 27.7.2022 | 1718 | 1723 | N/A | N/A |
| 18 | 28.7.2022 | 1838 | 1742 | N/A | N/A |
| 19 | 29.7.2022 | 1765 | 1764 | N/A | N/A |

Source: Bullionvault, etrademyanmar

## ၂၀၂၂ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.7.2022 to 8.7.2022 | 11.7..2022 to 15.7.2022 | 18.7.2022 to 22.7.2022 | 25.7.2022 to 29.7.2022 |
|---|---|---|---|---|---|
| toမတ်ပဲ(2022 crop) | FAQ | 850-870 | 840-860 | 865-885 | 850-870 |
| | SQ | 960-980 | 950-970 | 990-1010 | 975-995 |
| | အခွံချွတ် အလုံး/ အခြမ်း | 955-1005 | 950-1000 | 975-1025 | 960-1010 |
| | အခွံပါ အခြမ်း | 855-905 | 850-900 | 875-925 | 860-910 |
| ပဲတီစိမ်း (ပဲနောက်) | FAQ | | | | 600-650 |
| | SQ | | | | 750-800 |
| ပဲတီစိမ်း | FAQ (အညာ) | 825-875 | 825-875 | 835-875 | 835-875 |
| | ရွှေဝါအသေး (Under 3.5 mm) | 870-900 | 870-900 | 880-910 | 880-910 |
| | ရွှေဝါအကြီး (Size  3.5 mm &up) | 1000-1025-1050 | 1000-1025-1050 | 1000-1025-1050 | 1000-1025-1050 |
| | ရွှေဝါအကြီး (Size  3.25 mm &up)) | 950-975 | 950-975 | 975-1000 | 975-1000 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 825-875 | 825-875 | 825-875 | 825-875 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1050-1100 | 1050-1100 | 1050-1100 | 1050-1100 |
| | အခွံချွတ်အလုံးသေးအခြမ်း(အညာ) | 875-925 | 875-925 | 875-925 | 875-925 |
| ပဲစင်းငုံ (2022 crop) | အနီ (FAQ) (သို့) Lemon | 750-770 | 760-780 | 800-820 | 790-810 |
| | ဖြူနီ (FAQ) | 740-760 | 750-770 | 790-810 | 780-800 |
| | အဖြူ  (FAQ) | 725-775 | 725-775 | 750-800 | 750-800 |
| ကုလားပဲဖြူလုံးကြီး | FAQ | 1000-1050 | 1000-1050 | 1025-1075 | 1025-1075 |
| | အခွံချွတ်အခြမ်း | 800-825 | 800-825 | 800-825 | 700-750 |
| ပဲလွန်းဖြူ | FAQ | 850-900 | 850-900 | 850-900 | 825-850 |
| | SQ (12.5 ဧကာ) | 850-900 | 850-900 | 850-900 | 780-830 |
| ပဲလွန်းနီ | FAQ | 975-1000 | 975-1000 | 1000-1025 | |
| မြေထောက်ပဲ | FAQ | 1050-1100 | 1050-1100 | 1075-1125 | |
| | အခွံချွတ်အခြမ်း | 975-1025 | 975-1025 | 1000-1050 | |
| | အခွံပါအခြမ်း | 900-950 | 900-950 | 900-950 | 875-925 |
| ပဲထောပတ် | FAQ | 340-360 | 330-350 | 310-330 | 300-320 |
| ပြောင်း | | 1500-1550 | 1500-1550 | 1500-1550 | 1475-1525 |
| နှမ်းဖြူ | | 1950-2050 | 1950-2050 | 1950-2050 | 1850-1950 |
| နှမ်းနက် (စမုံ) | | | | | |
| နှမ်းမှုန် | | 1350-1400 | 1350-1400 | 1350-1400 | 1400-1500 |
| နှမ်းညို | | 1400-1500 | 1400-1500 | 1400-1500 | 1350-1400 |
| နှမ်းနက်(ရိုးရိုး) | | | | | |
| ပဲကြီး | | 800-850 | 800-850 | 800-850 | 800-825 |
| ပဲယင်း | | | | | |
| ဘိုကိတ် | | | | | |
| နံနံစေ့ | | 850-870 | 840-860 | 865-885 | 850-870 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ဇူလိုင်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 4.7.2022 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 |
| 2 | 11.7.2022 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 |
| 3 | 18.7.2022 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 |
| 4 | 25.7.2022 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 |

Source: MRPPA

## ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 29.6.2022 to 5.7.2022 | 6.7.2022 to 12.7.2022 | 13.7.2022 to 19.7.2022 | 20.7.2022 to 26.7.2022 | 27.7.2022 to 2.8.2022 |
|---|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 385-390 | 385-390 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 380-385 | 380-385 | 380-385 | 380-385 | 380-385 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 375-380 | 375-380 | 375-380 | 375-380 | 375-380 |
| 4 | Myanmar Long Grain White Rice 20% Broken(well Milled Double Polished Sortexexd) | 370-375 | 370-375 | 370-375 | 370-375 | 370-375 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 365-370 | 365-370 | 365-370 | 365-370 | 365-370 |
| 6 | Myanmar Long Grain White Rice 5% Broken(Reasonable Well Milled) | 355-360 | 355-360 | 355-360 | 355-360 | 355-360 |
| 7 | Myanmar Long Grain White Rice 15% Broken(Reasonable Well Milled) | 345-350 | 345-350 | 345-350 | 345-350 | 345-350 |
| 8 | Myanmar Long Grain White Rice 25% Broken(Reasonable Well Milled) | 325-330 | 325-330 | 325-330 | 325-330 | 325-330 |
| 9 | Myanmar Long Grain White Rice 35% Broken(Reasonable Well Milled) | 320-325 | 320-325 | 320-325 | 320-325 | 320-325 |
| 10 | Myanmar Long Grain Brown Rice 5% Broken | 340-350 | 340-350 | 340-350 | 340-350 | 340-350 |
| 11 | Myanmar Long Grain Brown Rice 10% Broken | 335-340 | 335-340 | 335-340 | 335-340 | 335-340 |
| 12 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 385-390 | 385-390 |
| 13 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 380-385 | 380-385 | 380-385 | 380-385 | 380-385 |
| 14 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 | 375-380 |
| 15 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 370-375 | 370-375 | 370-375 |
| 16 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 385-390 | 385-390 |
| 17 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 380-385 | 380-385 | 380-385 | 380-385 | 380-385 |
| 18 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 | 375-380 |
| 19 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 370-375 | 370-375 | 370-375 |
| 20 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 390-395 | 390-395 | 390-395 | 390-395 | 390-395 |
| 21 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 385-390 | 385-390 |
| 22 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 380-385 | 380-385 | 380-385 | 380-385 | 380-385 |
| 23 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 | 375-380 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 390-395 | 390-395 | 390-395 | 390-395 | 390-395 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 385-390 | 385-390 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 380-385 | 380-385 | 380-385 | 380-385 | 380-385 |
| 27 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 | 375-380 |
| 28 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 430-435 | 430-435 | 430-435 | 430-435 | 430-435 |
| 29 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 425-430 | 425-430 | 425-430 | 425-430 | 425-430 |
| 30 | Myanmar Long Grain Parboiled Brown Rice 5% Broken | 395-405 | 395-405 | 395-405 | 395-405 | 395-405 |
| 31 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 430-435 | 430-435 | 430-435 | 430-435 | 430-435 |
| 32 | Myanmar Glutinous Rice 5% Broken | 380-400 | 380-400 | 380-400 | 380-400 | 380-400 |
| 33 | Myanmar Glutinous Rice 10 % Broken | 360-380 | 360-380 | 360-380 | 360-380 | 360-380 |
| 34 | Myanmar Glutinous Rice 15 % Broken | 350-360 | 350-360 | 350-360 | 350-360 | 350-360 |

**Source: MRF**

## ၂၀၂၂၊ ဇူလိုင်လအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USd/ gal) | Narural Gas USD/ MMBtu) | Heating Oil (USd/ gal) |
|---|---|---|---|---|---|---|
| 1 | 1.7.2022 | 105.80 | 109.21 | 354.47 | 5.71 | 389.82 |
| 2 | 4.7.2022 | 108.33 | 111.57 | 367.64 | 5.70 | 395.34 |
| 3 | 5.7.2022 | 110.06 | 113.38 | 370.73 | 5.83 | 394.93 |
| 4 | 6.7.2022 | 99.60 | 103.51 | 332.90 | 5.57 | 357.84 |
| 5 | 7.7.2022 | 99.42 | 101.51 | 327.26 | 5.55 | 346.92 |
| 6 | 8.7.2022 | 102.55 | 104.65 | 341.22 | 6.18 | 368.15 |
| 7 | 11.7.2022 | 104.00 | 106.46 | 343.97 | 6.35 | 368.57 |
| 8 | 13.7.2022 | 95.90 | 99.69 | 325.36 | 6.29 | 366.42 |
| 9 | 14.7.2022 | 96.87 | 100.26 | 328.20 | 6.64 | 371.68 |
| 10 | 15.7.2022 | 96.28 | 99.95 | 319.45 | 6.67 | 367.34 |
| 11 | 18.7.2022 | 98.08 | 101.97 | 321.28 | 7.13 | 367.65 |
| 12 | 20.7.2022 | 103.53 | 106.99 | 330.21 | 7.23 | 365.34 |
| 13 | 21.7.2022 | 102.26 | 106.29 | 323.40 | 7.85 | 359.20 |
| 14 | 22.7.2022 | 97.30 | 104.94 | 315.43 | 7.85 | 395.38 |
| 15 | 25.7.2022 | 93.88 | 102.45 | 320.50 | 8.44 | 345.40 |
| 16 | 26.7.2022 | 98.24 | 106.87 | 343.78 | 8.84 | 356.00 |
| 17 | 27.7.2022 | 95.27 | 104.54 | 336.51 | 8.96 | 356.99 |
| 18 | 28.7.2022 | 98.71 | 107.87 | 342.27 | 8.69 | 374.54 |
| 19 | 29.7.2022 | 96.55 | 107.00 | 346.46 | 8.13 | 371.00 |

**Source: Bloomberg Commodities**

## ၂၀၂၂၊ ဇူလိုင်လအတွင်း ရော်ဘာဈေးနှုန်း (၁၀၀ kg / ဒေါ်လာ)

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | 01 Jul 2022 | 130.21 | * | 226.30 | * | 163.80 |
| 2 | 02 Jul 2022 | * | * | 226.30 | * | * |
| 3 | 04 Jul 2022 | 128.18 | * | 226.60 | * | 165.10 |
| 4 | 05 Jul 2022 | 125.82 | * | 226.35 | * | 163.50 |
| 5 | 06 Jul 2022 | 124.40 | * | 223.75 | * | 161.30 |
| 6 | 07 Jul 2022 | 122.70 | * | 224.00 | * | 160.50 |
| 7 | 08 Jul 2022 | 121.34 | * | 223.35 | * | 160.75 |
| 8 | 11 Jul 2022 | * | * | 222.25 | * | * |
| 9 | 12 Jul 2022 | 120.76 | * | 221.60 | * | 162.05 |
| 10 | 13 Jul 2022 | 119.59 | * | 220.95 | * | 157.85 |
| 11 | 14 Jul 2022 | 119.43 | * | 219.75 | * | 158.05 |
| 12 | 15 Jul 2022 | 117.71 | * | 219.10 | * | 154.55 |
| 13 | 16 Jul 2022 | * | * | 218.45 | * | * |
| 14 | 18 Jul 2022 | 157.55 | * | 218.40 | * | 118.85 |
| 15 | 19 Jul 2022 | 119.47 | * | 217.65 | * | 158.95 |
| 16 | 20 Jul 2022 | 120.42 | * | 216.95 | * | 158.50 |
| 17 | 21 Jul 2022 | 120.48 | * | 216.95 | * | 157.10 |
| 18 | 22 Jul 2022 | 120.27 | * | 216.50 | * | 156.25 |
| 19 | 23 Jul 2022 | * | * | 216.50 | * | * |
| 20 | 25 Jul 2022 | 121.30 | * | 216.05 | * | 157.85 |
| 21 | 26 Jul 2022 | 121.92 | * | 214.95 | * | 158.10 |
| 22 | 27 Jul 2022 | 120.74 | * | 212.75 | * | 154.60 |
| 23 | 28 Jul 2022 | 121.27 | * | 213.20 | * | 155.75 |
| 24 | 29 Jul 2022 | 121.23 | 180.25 | 212.80 | 156.75 | 155.05 |

Source: Association of natural rubber producing countries

## ၂၀၂၂ ဇူလိုင်လ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | ဝယ်ဈေး | ရောင်းဈေး |
| 1 | 1.7.2022 | 2160 | 2170 |
| 2 | 4.7.2022 | 2175 | 2180 |
| 3 | 5.7.2022 | 2170 | 2175 |
| 4 | 6.7.2022 | 2165 | 2170 |
| 5 | 7.7.2022 | 2180 | 2185 |
| 6 | 8.7.2022 | 2175 | 2180 |
| 7 | 11.7.2022 | 2175 | 2177 |
| 8 | 13.7.2022 | 2185 | 2190 |
| 9 | 14.7.2022 | 2190 | 2195 |
| 10 | 15.7.2022 | 2210 | 2215 |
| 11 | 18.7.2022 | 2310 | 2320 |
| 12 | 20.7.2022 | 2430 | 2460 |
| 13 | 21.7.2022 | 2370 | 2390 |
| 14 | 22.7.2022 | 2350 | 2360 |
| 15 | 25.7.2022 | 2410 | 2430 |
| 16 | 26.7.2022 | 2500 | 2550 |
| 17 | 27.7.2022 | 2500 | 2510 |
| 18 | 28.7.2022 | N/A | N/A |
| 19 | 29.7.2022 | N/A | N/A |

Source: e trade Myanmar

## ၂၀၂၂ ဇူလိုင်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.7.2022 | 1850.0 | 51.930 | 276.2 | 1327.0 | 23.410 | 1363.8 |
| 2 | 4.7.2022 | 1850.0 | 51.828 | 276.20 | 1324.1 | 23.446 | 1367.3 |
| 3 | 5.7.2022 | 1850.0 | 51.611 | 275.87 | 1318.2 | 23.371 | 1363.4 |
| 4 | 6.7.2022 | 1850.0 | 51.282 | 275.96 | 1317.7 | 23.325 | 1368.1 |
| 5 | 7.7.2022 | 1850.0 | 51.154 | 275.95 | 1320.6 | 23.35 | 1358.9 |
| 6 | 8.7.2022 | 1850.0 | 51.353 | 275.88 | 1318.1 | 23.326 | 1361.6 |
| 7 | 11.7.2022 | 1850.0 | 51.232 | 275.87 | 1319.8 | 23.306 | 1350.5 |
| 8 | 13.7.2022 | 1850.0 | 51.133 | 275.25 | 1315.8 | 23.235 | 1349.3 |
| 9 | 14.7.2022 | 1850.0 | 50.678 | 274.32 | 1320.2 | 23.162 | 1331.1 |
| 10 | 15.7.2022 | 1850.0 | 50.581 | 273.73 | 1318.4 | 23.174 | 1332.9 |
| 11 | 18.7.2022 | 1850.0 | 50.505 | 274.65 | 1324.7 | 23.137 | 1338.0 |
| 12 | 20.7.2022 | 1850.0 | 50.429 | 274.01 | 1328.9 | 23.135 | 1338.8 |
| 13 | 21.7.2022 | 1850.0 | 50.074 | 273.37 | 1325.5 | 23.134 | 1332.9 |
| 14 | 22.7.2022 | 1850.0 | 50.368 | 273.38 | 1330.3 | 23.158 | 1345.0 |
| 15 | 25.7.2022 | 1850.0 | 50.540 | 274.27 | 1336.3 | 23.205 | 1357.3 |
| 16 | 26.7.2022 | 1850.0 | 50.429 | 273.73 | 1333.8 | 23.192 | 1354.7 |
| 17 | 27.7.2022 | 1850.0 | 50.258 | 273.98 | 1332.6 | 23.158 | 1353.1 |
| 18 | 28.7.2022 | 1850.0 | 50.609 | 274.29 | 1339.5 | 23.187 | 1366.9 |
| 19 | 29.7.2022 | 1850.0 | 50.957 | 274.59 | 1340.1 | 23.328 | 1387.6 |

Source: Central Bank of Myanmar